ကြေးမုံ မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဖေဖော်ဝါရီလ ၃၁ရက်နေ့ စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၃၀)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၈ ရက် ၊ ၉-၄-၂၀၂၆၊ ကြာသပတေးနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်း အပါအဝင် သဘာဝဘေးဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး Banquet Hall၌ ကျင်းပပြုလုပ်ရာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အငြိမ်းစားအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ စာမျက်နှာ ၃ သို့ ✰



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဧပြီ ၉ ရက်၊ ကြာသပတေးနေ့ ။

မန္တလေး

# ကျန်းမာခြင်းက စိတ်ချမ်းသာခြင်းကို ဖြစ်စေနိုင်မည်

လူ့လောကတွင် ကျန်းမာရေးသည်အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည်။ လူတိုင်းလူတိုင်း အသက်အရွယ်မရွေး ကျန်းမာရေးကို ဂရုစိုက်ရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လုပ်ပေးရမည်။ အားကစားတစ်မျိုးမျိုးကို လုပ်ဆောင်နေရန်လိုအပ်မည်ဖြစ်သည်။ ကျန်းမာရေးမကောင်းသောအခါ မိသားစုအားလုံး စိတ်ဆင်းရဲမည်။ ငွေကြေးကုန်ကြမည်ဖြစ်ပြီး လူ့ဘဝဖွံ့ဖြိုးမှုအတွက် နှောင့်နှေးနေမည်ဖြစ်သည်။

ကျန်းမာရေးမကောင်းသဖြင့် မိမိနှစ်သက်ရာ အစားအသောက်များကို ရှောင်ကြဉ်နေထိုင်ရမည်။ မိမိက နှစ်သက်သော်လည်း ကျန်းမာရေးမကောင်းသဖြင့် မစားရသော အဖြစ်မျိုးသို့ ရောက်ရှိလာမည်ဖြစ်သည်။ သူတစ်ပါးကဲ့သို့ စားချင်သလိုမစားရ၊ နေချင်သလိုမနေရသော အမြဲစိတ်သွားတိုင်း ကိုယ်မပါနိုင်သော အဖြစ်ဆိုးများကို ခံစားရမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးကို အခြေခံမှ အစအရာအရာ ဂရုစိုက်သင့်သည်။

ကျန်းမာရေးနှင့်ပတ်သက်၍ လောကနယ်ပယ်တွင် "ကံ၊ စိတ်၊ ဥတု၊ အာဟာရ"ဟူ၍ စကားရပ်လည်း ရှိပြန်သည်။ ကံဆိုသည်မှာ အလုပ်ပင်ဖြစ်၍ ကျန်းမာရေးနှင့်မညီညွတ်သော အလုပ်ကို ရှောင်နိုင်ရန် ကျန်းမာရေးနှင့် ပြည့်စုံစွာနေထိုင်ရမည်ဖြစ်သည်။ စိတ်ဓာတ်အားဖြင့်လည်း သန့်စင်နေမှုသည် ကျန်းမာစေကြောင်း ဆေးစွမ်းကောင်းတစ်ခုဖြစ်သည်။ ယနေ့ခေတ်တွင် တရားထိုင်ခြင်းဖြင့် ရောဂါဝေဒနာများ သက်သာစွာရှိလာမှုကို လက်ခံလာနေကြသည်။ ဥတုမျှတစွာဖြင့် ဝတ်ဆင်နေထိုင်မှု၊ ခန္ဓာကိုယ်အတွက် သင့်တင့်သော အာဟာရများကို မှီဝဲတတ်မှုသည် ကျန်းမာရေးအတွက် နည်းလမ်းကောင်းပင်ဖြစ်သည်။ "အစာလည်းဆေး ဆေးလည်းအစာ"ဟု မြန်မာစကားတွင်ရှိပြီး ကျန်းမာရေးအတွက် လက်ကိုင်ထားသင့်သော ဆောင်ပုဒ်တစ်ခုဖြစ်သည်။ "အစားမတော် တစ်လုတ်"ဆိုသော စကားကို မမေ့မလျော့သင့်ပေ။ အဆီအဆိမ့်ကိုရှောင်၊ လတ်ဆတ်သန့်ရှင်းသော အသီးအရွက်ကိုစားခြင်းသည် ဓာတ်စာလည်းဖြစ်စေသည်။

"အသက်ကို ဉာဏ်စောင့်"ဟူသော စကားရပ်အတိုင်း မိမိတို့ ကျန်းမာရေးအတွက် စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် အစားအသောက် အနေအထိုင်များကို ဂရုစိုက်ရမည်ဖြစ်သည်။

ထို့အပြင် တစ်ကိုယ်ရေသန့်ရှင်းရေးသည်လည်း အရေးကြီးပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေးတွင်လည်း လက်သန့်ရှင်းရေးသည် အဓိကကျလှသည်။ အသည်းရောင်၊ အသားဝါရောဂါ၊ ဝမ်းရောဂါနှင့် အခြားကူးစက်တတ်သောရောဂါတို့မှာ လက်မသန့်ရှင်းခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါများဖြစ်သည်။

လူတစ်ယောက်၏ ကျန်းမာခြင်းသည် စိတ်ချမ်းသာခြင်းကို ဖြစ်စေနိုင်သည်။ စင်စစ်တွင် ကျန်းမာခြင်းသည် ရုပ်နှင့်သာဆိုင်သည်မဟုတ် စိတ်နှင့်လည်းပတ်သက်နေသည်။ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည်ဖြစ်သည်။ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါက စားဝတ်နေရေးအတွက် ဥစ္စာစီးပွားတို့ ရှာဖွေနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာလူတို့တွင် ဆုံးရှုံးပြီးမှ တန်ဖိုးသိသော အရာနှစ်ခုမှာ အချိန်နှင့်ကျန်းမာရေးပင်ဖြစ်သည်။ အချိန်၏တန်ဖိုးကို ထိုအချိန်ကုန်ဆုံးပြီးမှ သိသကဲ့သို့ ကျန်းမာရေး၏တန်ဖိုးကို မကျန်းမာမှ နားလည်မည်ဖြစ်ရာ လူတိုင်းလူတိုင်း ကျန်းမာရေးကို ဂရုစိုက်နေထိုင်ကာ စိတ်ချမ်းသာခြင်းကို ရရှိစေနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## (၈-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၃၁၈,၀၃၇.၂၀ | ၄,၄၅၄,၂၅၄.၇၀ | ၃၀,၄၇၃,၃၁၈.၅၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၃,၃၄၁,၂၄၁.၉၄ | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်းနှင့် စားသုံးကုန်စည်များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၇၅ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ ဆောက်လုပ်ရေးကဏ္ဍသို့ ထိုင်းဘတ် ၃.၃၄ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှင်အဋ္ဌဂေါဏ ဘုရားတည်ဆောက်ပုံ ဗိသုကာပညာနှင့် နံရံပန်းချီများကို လေ့လာနိုင်

**ညောင်ဦး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားဘုရားဖူးလေ့လာရေးရောက်ရှိခဲ့ပါက မင်းနန်းသူကျေးရွာအနီးရှိ ရှင်အဋ္ဌဂေါဏဘုရားတည်ဆောက်ပုံ၊ နံရံပန်းချီများနှင့် ကျောက်စက်ပန်းဆွဲများကိုလေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ တာဝန်ရှိသူများထံမှ သိရသည်။

ဘုရားဘွဲ့အမည်မှာ ပုဂံခေတ်တွင်ထင်ရှားသော ရဟန်းကြီးတစ်ပါး၏အမည်ဖြစ်ပြီး ထိုရဟန်းကြီးသည် ပြည်သူ၊ ပြည်သားများအား ချမ်းသာကြွယ်ဝလာစေရန် ကူညီစောင့်ရှောက်ပေးခဲ့ကြောင်း၊ ရှင်အဋ္ဌဂေါဏဘုရားဟု ဘွဲ့အမည်ပေးခဲ့ပုံမှာ ဘုရားဝင်းအတွင်း အဂ္ဂိရတ်ထိုးရာတွင် အသုံးပြုခဲ့သော လုံ၊ မီးသွေးခဲများနှင့်ပြာများကို တွေ့ရှိရသောကြောင့် ရှင်အဋ္ဌဂေါဏဘုရားဟု အမည်ပေးခဲ့ကြောင်း သိရသည်။

ရှင်အဋ္ဌဂေါဏဘုရား၏ ရာဇဝင်ကို အတိအကျမသိရှိရသော်လည်း ဘုရားတည်ဆောက်ပုံ၊ ဗိသုကာပညာမှာ အလွန်ထူးခြားကောင်းမွန်ကြောင်း လေ့လာနိုင်သည်။ ဘုရားကို အောက်ခြေခုံမြင့်ပေါ်တွင် တည်ဆောက်ထားပြီး ဘုရားတည်ဆောက်ပုံမှာ အလယ်တိုင်မပါဝင်ဘဲ နံရံလေးဘက်မှ အမိုးများကိုစုကာ ပေါင်းမိုးခုံးပုံသဏ္ဌာန်တည်ဆောက်ထားသည်။ အလယ်တိုင်မပါဝင်သော တည်ဆောက်မှုပုံစံသည် ပုဂံခေတ်ကာလက တည်ဆောက်ရေး၏ နည်းပညာကျွမ်းကျင်မှုကို တွေ့ရှိလေ့လာနိုင်သည်။

အေဒီ ၁၂ ရာစုနှောင်းပိုင်းတွင် တည်ဆောက်ခဲ့သည်ဟု ရှေးဟောင်း ပညာရှင်များက ယူဆရကြောင်း၊ ဘုရားလိုဏ်အတွင်းပိုင်းတွင် နံရံပန်းချီများ အကြားအလပ်ရှိနေပြီး ဂြိုဟ်ကြီးကိုးလုံးက ကမ္ဘာမြေအား လှည့်ပတ်ပုံနံရံပန်းချီများ ပါရှိနေသည်။ အရှေ့ဘက်လှည့် မုခ်ပေါ်ဘုရားဖြစ်ကာ ပလ္လင်ပေါ်တွင် ထိုင်တော်မူ ဆင်းတုတော်ကိုလည်း သပ္ပာယ်စွာ ဖူးမြော်နိုင်သည်။

ရှင်အဋ္ဌဂေါဏဘုရားအား ဖူးမြော်ပြီး တစ်ဆက်တစ်စပ်တည်းအနောက်ဘက်တွင် ဝိနည်းထိုရ်ဘုရားစု တောင်ဘက်တွင် မင်းနန်းသူဘုရားသုံးဆူ၊ သမ္ဗုလဘုရား၊ နရသီဟပတေ့ဘုရားနှင့် လေးမျက်နှာဆုတောင်းပြည့်ဘုရားတို့ကို ဖူးမြော်နိုင်ကြောင်း သိရသည်။ (၄၈၁)



## အပူဒဏ်ကာကွယ်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဧပြီ ၈**

ပြည်သူလူထုအတွင်း အပူဒဏ်အန္တရာယ်နှင့်ပတ်သက်၍ သတိပြုရမည့်အချက်များ ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များနှင့် ဓာတ်ဆားထုပ်များဝေငှခြင်းနှင့် ပိုစတာများ ချိတ်ဆွဲခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက မန္တလေး၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ နန်းတော်ရှေ့ဈေး၊ ဆရာစံဈေးနှင့် ညောင်ပင်ဈေးတို့တွင် ပြုလုပ်ကြသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန့်စင်လင်းနှင့် သူနာပြုများ၊ ဝန်ထမ်းများသည် ဈေးတာဝန်ခံများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ ယနေ့နံနက်ပိုင်းက ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်လာ ပြည်သူများနှင့် လမ်းသွားလမ်းလာများအား အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဓာတ်ဆားထုပ်များ ဝေငှခြင်းများ ဆောင်ရွက်ကြပြီး အသိပညာပေး နံရံကပ်ပိုစတာများ ချိတ်ဆွဲခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

## အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြော

**မန္တလေး ဧပြီ ၈**

အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက် (၂၂၄)၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ အောက်ကမ်းနားလမ်းနှင့် အနောက်သင်္ဂဇာပတ်လမ်းကြားရှိ ဓမ္မသာမိသိမ်ကျောင်းတိုက် သိမ်ကျောင်းဓမ္မာရုံတွင် ကျင်းပသည်။

အပူဒဏ်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောရာသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ညိုမီလှိုင်နှင့် ကျန်းမာရေးဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့်ရာအိမ်မှူးများ၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ကော်မတီဝင် ဦးအောင်သူဝင်းနှင့်ပါတီဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းမှ အသင်းသား၊ အသင်းသူများ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဆရာမများက အပူဒဏ်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဟောပြောပြီး တက်ရောက်လာကြသူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ Relyte ဓာတ်ဆားထုပ်များ၊ ဦးခင်ညွန့်မောင်+ဒေါ်အေးသန္တာလွင် မိသားစုက Royal-D ဓာတ်ဆားထုပ်များနှင့် ရေသန့်ဘူးများ လှူဒါန်းခဲ့ကြောင်း သိရသည်။ (၀၄၁)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်ကြီးမိုးအောင်အား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်မျိုးတင်အား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ချီးမြှင့်ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မသမာမှုများကြောင့် အရေးပေါ်ကာလ သတ်မှတ်ပြီး အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်က တာဝန်ပေးခဲ့သောကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ယခုအထိ နိုင်ငံ့တာဝန်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ချိန်မှစပြီး အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်ကို မိမိနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်များနှင့် တပ်မတော်သားများ ပူးပေါင်းပြီး ပြည်သူလူထုအားဖြင့် ရင်ဆိုင်ကျော်လွှား နိုင်ခဲ့ကြသည်မှာ အားလုံး အသိပင်ဖြစ်ကြောင်း။

စတင်တာဝန်ယူချိန်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြင်းထန်နေသည့်အချိန်ဖြစ်ပြီး ကူးစက်မှုကာကွယ်ရန်နှင့် ကုသရေးဆိုင်ရာများကို တပ်မတော်သားများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက် ခဲ့ကြသောကြောင့် ထိရောက်ဆုံးရှုံးမှု နည်းပါးစွာဖြင့် ကပ်ရောဂါကြီးကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ ထို့အတွက်ကြောင့်လည်း တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးခဲ့သူများနှင့် ပါဝင်ဆောင်ရွက်ခဲ့သူများအား မှတ်တမ်းတင်ကြောင်းကို ပြောကြားလိုကြောင်း။

တစ်ဆက်တည်း၌ပင် ရခိုင်ပြည်နယ်၌ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့၌ အလွန့်အလွန် အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်တွင် လူအသေအပျောက်များခဲ့ပြီး ရုံးအဆောက်အအုံများ၊ လူနေအိမ်များ၊ စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများ များစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း။

ယင်းအချိန်က မိမိအနေဖြင့် ရခိုင်ပြည်နယ်ကို မုန်တိုင်းတိုက်ခတ်ပြီး နောက်ရက်တွင် ချက်ချင်းသွားရောက်ကာ ထိခိုက်ဒဏ်ရာရသူများအား အားပေးနှစ်သိမ့်ခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် စီမံ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ချက်ချင်းဖွဲ့စည်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်စေခဲ့ကြောင်း၊ဒေသခံအများစုအနေဖြင့် မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်နေကြပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့်အစိုးရ ပူးပေါင်းပြီး ချက်ချင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ပျက်စီးမှုများကို ရှင်းလင်းခြင်းနှင့် ပြန်လည်ထူထောင်မှုကို မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် တပ်မတော်အင်အားကို အခြေပြုပြီး အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း။

### ပို့ဆောင်ပေးနိုင်ခဲ့

ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရ၊ ဌာနဆိုင်ရာများနှင့်အတူ တပ်မတော်သားများ၏ ပူးပေါင်းပါဝင်မှုသည် အင်အားကြီးမားခဲ့ကြောင်း၊ ထို့ကြောင့်လည်း အချိန်တို ကာလအတွင်း၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်လေယာဉ်များ၊ စစ်ရေယာဉ်များကို အင်တိုက်အားတိုက် အသုံးပြုပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စားရေရိက္ခာများကို ရေကြောင်း၊ လေကြောင်းတို့ဖြင့် အကြိမ်ကြိမ် ပို့ဆောင် ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း မုန်တိုင်းဒဏ်ခံရသည့် ရခိုင်ပြည်သူများ စားဝတ်နေရေး အဆင်ပြေပြီး အမိုးအကာအောက် လျင်မြန်စွာ ရောက်ရှိနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာက လေကြောင်း၊ ရေကြောင်းဖြင့် ပေးပို့လာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြည်တွင်းမှလှူဒါန်းသည့် ပစ္စည်းများကိုလည်း တပ်မတော်သားများက ရန်ကုန်မှတစ်ဆင့် လေကြောင်း၊ ရေကြောင်းများဖြင့် အတင်အချပြုလုပ်ပြီး အချိန်နှင့် တစ်ပြေးညီ ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြခြင်း ဖြစ်ကြောင်း။

ထို့အပြင် တပ်မတော်မှ အရာရှိကြီးများကို ပြည်နယ်အတွင်း မြို့နယ်အလိုက် သတ်သတ်မှတ်မှတ် တာဝန်ပေးပြီး အပျက်အစီးများ ရှင်းလင်းရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင် ဆောင်ရွက်စေခဲ့ကြောင်း၊ တာဝန်ပေးခဲ့သည့်တပ်မတော်အရာရှိကြီးများကလည်း ဆင်းရဲဒုက္ခကြားတွင် သွားရောက်နေထိုင်ပြီး လက်တွေ့ကျကျ အောက်ခြေထိဆင်းပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိုခါမုန်တိုင်း ကျရောက်စဉ်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်တိုအတွင်း၌ စိတ်စေတနာ ထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စား ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်အရာရှိကြီးများအား ကျေးဇူးတင်ပြီး လေးစားဂုဏ်ပြုသည့် အနေဖြင့် ယနေ့ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်သည့် အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ဆွေအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်(ငြိမ်း)အား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)အား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်း(ငြိမ်း)အား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ(ငြိမ်း)အား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်(ငြိမ်း)အား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။

☆ စာမျက်နှာ ၃ မှ

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် တောင်တရုတ်ပင်လယ်ဘက်က စခဲ့သည့် ရူပါတိုင်ဖွန်းမုန်တိုင်း ရာဂီကြောင့် နေပြည်တော်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နှစ်ပေါင်း ၇၀ အတွင်း အကြီးမားဆုံးသော မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါသဘာဝဘေး ကျရောက်စဉ်ကလည်း တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

**❛မိုခါမုန်တိုင်းအပါအဝင် နိုင်ငံတော်တွင်ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်မှ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် အရာရှိများ၊ တပ်မတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြု❜**

အလားတူ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အလွန်အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းတို့၌ ထိခိုက်ပျက်စီးမှုများပြီး အခြားဒေသများတွင်လည်း ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကယ်ဆယ် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ တပ်မတော်သားများပူးပေါင်းပါဝင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ ထိုကဲ့သို့ မိုခါမုန်တိုင်းအပါအဝင် နိုင်ငံတော်တွင် ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တပ်မတော်မှ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် အရာရှိများ၊ တပ်မတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြုသည်ကို ပြောကြားလိုပါကြောင်း။

အလားတူ မိမိတို့တာဝန်ယူခဲ့သည့် (၅)နှစ်တာကာလအတွင်း၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေခံဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတိုးတက်အောင်မြင်အောင် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အနေဖြင့် ကြိုးစား လုပ်ဆောင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံလာတိုင်း၌ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့် တစ်သားတည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအား အထူးကျေးဇူးတင်ကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်အောင် ကြိုးကြပ်ကွပ်ကဲစီမံပေးခဲ့ကြသည့် တပ်မတော် အရာရှိကြီးများအား ဂုဏ်ပြုကြောင်းကို ပြောကြားလိုလည်း လေးစားစွာ မှတ်တမ်းတင် ကြောင်း။ စာမျက်နှာ ၅ သို့ ☆



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်အောင်မျိုးထွန်း(ငြိမ်း)အား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။

**“မိမိတို့တာဝန်ယူခဲ့သည့် (၅)နှစ်တာကာလအတွင်း၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏စီးပွားရေးအခြေခံဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင် စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးအနေဖြင့် ကြိုးစားလုပ်ဆောင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြု”**



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ တည်ခင်းဧည့်ခံထားသည့် ဂုဏ်ပြုလက်ဖက်ရည်များကို အတူတကွသုံးဆောင်ကြစဉ်။

☆ စာမျက်နှာ ၄ မှ

အနာဂတ် ကာလတွင်လည်း နိုင်ငံ့အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုး ဆောင်ရွက်နိုင်အောင် စီစဉ် ဆောင်ရွက်ပေးကြရန်၊ “ပြည်သူသာ အမိ ပြည်သူသာ အဖ”ဟူသည့် ခံယူချက်နှင့် ပြည်သူတွေအပေါ် အလုပ်အကျွေးပြုသွားကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှ အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အငြိမ်းစား အဆင့်မြင့်တပ်မတော်အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည်တည်ခင်းဧည့်ခံထားသည့် ဂုဏ်ပြုလက်ဖက်ရည်များကိုအတူတကွသုံးဆောင်ကြသည်။

အခမ်းအနား အပြီးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ဝင်းမောင်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ကျော်ကျော်စိုး(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် အောင်သူဦး(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် နေဝင်းအောင်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ဝင်းကိုကိုအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ဆန်နီအုန်း(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော်　ဧပြီ　၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**အဆွေတော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် အပြန်အလှန် လေးစားမှု၊ အကျိုးစီးပွားမျှဝေမှုနှင့် ပြည်သူနှစ်ရပ်အကြား ခိုင်မာသည့် ဆက်ဆံရေးတို့အပေါ်အခြေခံသည့် နီးကပ်သော ချစ်ကြည်ရင်းနှီးမှုတို့ ကာလရှည်ကြာတည်ရှိခဲ့ပါသည်။

မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်စလုံး၏ အပြန်အလှန် အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းမှုနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအား ထိုင်းနိုင်ငံအနေဖြင့် ပံ့ပိုးကူညီရန် အသင့်ရှိနေကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာတိုးမြှင့်သွားမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

အနုထင်ချာဝီရာကွန်
ထိုင်းနိုင်ငံ ဝန်ကြီးချုပ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော်　ဧပြီ　၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

မော်စကိုမြို့၊ ၂၀၂၆ ခုနှစ် ဧပြီလ ၆ ရက်

**အဆွေတော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ခေါင်းဆောင်မှုအတွေ့အကြုံများ၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝမှုများဖြင့် မြန်မာနိုင်ငံတည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အောင်မြင်စွာ ဦးဆောင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ဆက်ဆံရေးကိုအခြေခံ၍ မိမိတို့အကြား ရှိရင်းစွဲသဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်သွားရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး ဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါသည်။

အဆွေတော် ကျန်းမာ၍ စွမ်းအားများပြည့်ဝပါစေကြောင်းနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ခင်မင်ရင်းနှီးစွာဖြင့်

အီဗန် ပိုလီယာကော့ဗ်
ဥက္ကဋ္ဌ
ရုရှား-အာဆီယံစီးပွားရေးကောင်စီ

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် အသင်း/အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော်　ဧပြီ　၈

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို)၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာ-မွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဇဖာရ်ရှားဂူဗိမ္မာန် ကြီးကြပ်ရေးကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို)

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ အထူး ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး

စာမျက်နှာ ၇ သို့ ❐

❒ စာမျက်နှာ ၆ မှ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာ-မွတ်စလင်စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ဇေယာရ်ရှားဂူဗိမ္မာန်ကြီးကြပ်ရေးကော်မတီ
ဗိုလ်တထောင်... ဗိုဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

■ စာမျက်နှာ ၂၄ မှ

လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးအား လည်းကောင်း၊ ပန်ကူကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၅၀၀ ခန့်ကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသားကိုးဦးအားလည်းကောင်း၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၄၅၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးအား လည်းကောင်း၊ ပန်ကူကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၃၈၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသားကိုးဦးအား လည်းကောင်း စုစုပေါင်း တရားမဝင်ပြည်ပနိုင်ငံသား အမျိုးသား ၅၄ ဦးနှင့်အမျိုးသမီး သုံးဦးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိက ပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လူထုအခြေပြုဗဟိုဌာနန္ဒ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြည်ကြီးတံခွန်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်သူဇာဝင်းက အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရာတွင် အရိပ်ရ၍ အေးမြသောနေရာတွင်သာ နေရန်၊ မိမိအသားအရေကို နေရောင်ခြည်နဲ့ တိုက်ရိုက် မထိတွေ့စေရန်၊ လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်ကို ဝတ်ဆင်ရန်၊ နေ့လယ်ခင်းအပြင်သွားပါက ထီး၊ ဦးထုပ်တို့ကို ဆောင်းသွားရန်၊ ရေများများ သောက်ရန်၊ အပူဒဏ်အန္တရာယ် ရှောင်ကြဉ်ရမည့် အချက်များနှင့် အပူဒဏ်ကြောင့် ဖြစ်တတ်သော ရောဂါများအကြောင်းကို အသိပညာပေးဟောပြောခဲ့ရာ ဟောပြောပွဲတက်ရောက်လာသည့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

စင်မင်းမောင်(ခရိုင်ပြန်/ဆက်)

❖ စာမျက်နှာ ၂၄ မှ

အဆိုပါသဲသောင်ပြင်သကြံန်ကို မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကရင်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး သဲသောင်ပြင်အကျယ်ဧရိယာ ၁၀ ဧကခန့်ရှိသော နန်းဖော့အွှာသဲသောင်ပြင်သင်္ကြန်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များ၊ ကရင်အနုပညာရှင်များနှင့် ဒေသခံတေးသံရှင်များ၏ ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ သနပ်ခါးသင်္ကြန်မဏ္ဍပ်၊ ဧည့်ခံကျွေးမွေးရေးစတုဒိသာမဏ္ဍပ်၊ ဒေသထွက်ကုန်နှင့် အစားအစာများရောင်းချသော ဈေးဆိုင်ခန်းများ၊ လာရောက်ရေကစားသူများ အနားယူအပန်းဖြေနိုင်ရန် တောင်ထန်းမိုးကာတဲများ၊ ပင်လယ်ဓားပြကစားကွင်း၊ ပျော်ပျော်အိအိကစားကွင်း၊ သံလွင်မြစ်အတွင်း ရေကစားရန်ဧရိယာ၊ ရေနစ်မြုပ်မှုဘေးအန္တရာယ်ကာကွယ်ရေးပိုက်ကွန်များ၊ ရေပြင်သက်ကယ်အဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုံခြုံရေးအဖွဲ့များဖြင့် အများပြည်သူအေးချမ်းပျော်ရွှင်စွာ၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ပါဝင်ဆင်နွှဲနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ထားကြောင်း သိရသည်။

နန်းဖော့အွှာသဲသောင်ပြင်သင်္ကြန်ကို ကရင်ပြည်နယ် ဘားအံမြို့တွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် သဲသောင်ပြင်သင်္ကြန်ဖြစ်ပြီး ကရင်ပြည်နယ်၏ သဘာဝအလှတရားကိုထင်ဟပ်ပေါ်လွင်စေလိုသော၊ ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များ၊ အစားအသောက်များနှင့် ဧည့်ဝတ်ကျေပွန်မှုများကိုထင်ဟပ်ပေါ်လွင်စေလိုသော ရည်ရွယ်ချက်များဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဒေသခံများနှင့် အဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

သဲသောင်ပြင်သင်္ကြန်မှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ဒေသ၏ခရီးသွားလုပ်ငန်းအား အထောက်အကူပြုစေရန်မျှော်မှန်းပြီး ဒေသ၏ လက်မှုအထည်များ၊ ရိုးရာအစားအစာများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ နန်းဖော့အွှာသဲသောင်ပြင်သင်္ကြန်ကို ဧပြီ ၇ ရက်မှစတင်၍ ဧပြီ ၂၀ ရက်အထိ ၁၄ ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဧပြီ ၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ဧပြီ ၇ ရက် နံနက်က အောင်စံရန်အေးဓမ္မာရုံ၌ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့် ဒေါ်အေးအေးမင်းက အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်းများ ဟောပြောခြင်းနှင့် မြို့နယ်ကျန်းမာရေးမှူး ဒေါ်ရီရီဝင်းက မကူးစက်တတ်သော ရောဂါများအကြောင်း ဟောပြောပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဆရာ၊ ဆရာမများက ကိုယ်အပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ ရောဂါအလိုက် ဆေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း တိုက်ကျွေးခြင်းလုပ်ငန်းများကို သိရသည်။

**အောင်ဇော်မင်း**



✡ စာမျက်နှာ ၂၄ မှ

ပြန်လည်ကျင်းပသွားမည့်အခြေအနေများ၊ လူငယ်ပြိုင်ပွဲများတွင် ကစားသမားများ အသက်မှန်ကန်မှုရှိရန်နှင့် Match Fixing ပိုင်းအား အထူးကြပ်မတ်စိစစ်၍ ထိထိရောက်ရောက် အရေးယူသွားမည့် အခြေအနေများ၊ ကလပ်အသင်းများ Betting စပွန်ဆာရယူမှုကို ပိတ်ပင်တားဆီးသွားမည့် အခြေအနေများ၊ Myanmar National League အမည်သစ်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပြောဆိုမှုများ၊ မြန်မာနေရှင်နယ်လိဂ်ပြန်လည် အားကောင်းလာစေရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ ဆော်ဒီဘောလုံးအဖွဲ့ချုပ်တို့ MOU ချုပ်ဆိုထားသည့် သဘောတူညီချက်တွင် နှစ်နိုင်ငံလိဂ်အကြား အတူတကွပူးပေါင်းဆောင်ရွက်ရန် ကိစ္စထည့်သွင်း ချုပ်ဆိုထားသည့်အတွက် ဆော်ဒီအာရေဗျလိဂ် တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး လိုအပ်သောနည်းပညာအကူအညီများ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အပြင် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲသွားမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အထွေထွေဆွေးနွေးခြင်းနှင့် အတည်ပြုဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၂၀၂၆-၂၀၂၇ မြန်မာနေရှင်နယ်လိဂ်-၁ တွင် ၁၂ သင်း၊ လိဂ်-၂ ပြိုင်ပွဲတွင် ရှစ်သင်း၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ကိုးသင်း၊ ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် ၁၃ သို့မဟုတ် ၁၄ သင်းဖြင့် ကျင်းပသွားရန် အတည်ပြုချက်များကို မြန်မာနေရှင်နယ်လိဂ်ကော်မတီထံသို့ ဆက်လက်တင်ပြ၍ ဆုံးဖြတ်အတည်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် MFF အလုပ်အမှုဆောင်အဖွဲ့ဝင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ MFF အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုးမိုးကျော်တို့က အထွေထွေဖြည့်စွက်ဆွေးနွေးပြောကြားခြင်းနှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(NGB)**

**ပန်းမန်သစ်ပင်၊ လေသန့်စင်၍၊ ဉယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။

နေပြည်တော် ဧပြီ ၈

တတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်း အဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၃၇၂ ဦး ရှိသည့် အနက် ယနေ့အစည်းအဝေးသို့ ၃၆၈ ဦး တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၈ ဒသမ ၉၂ ရှိသည့်အတွက် အစည်း အဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြု မှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်း အဝေးကာလအတွင်း ဆောက် ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်ခြင်းကို ဆောင်ရွက် သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်မှ စတင် ပြီး ယနေ့ပဉ္စမနေ့အထိ ကျင်းပခဲ့ ပါကြောင်း၊ ရွေးကောက်ခံ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကိုလည်း ၂၀၂၆ ခုနှစ် မတ် ၃၀ ရက်နှင့် ၃၁ ရက်များတွင် ကျင်းပခဲ့ပါကြောင်း၊ တတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်း အဝေးကာလအတွင်း ဆောင်ရွက် ချက်များအနေဖြင့် လွှတ်တော် အစည်းအဝေး ပထမနေ့တွင် သဘာပတိ တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင် မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါ ကြောင်း၊ လွှတ်တော်အစည်း အဝေးဒုတိယနေ့၊ တတိယနေ့နှင့် စတုတ္ထနေ့များတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၂၀၂၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ နှင့် ၂၀၂၃ ခုနှစ် ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီနှင့် အစိုးရ ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကော်မတီအလိုက် လုပ်ငန်း တာဝန်များကို ဆောင်ရွက်နေကြ ပြီဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီး သည့်နေ့တွင် ၂၀၂၂ ခုနှစ် ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)အရ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖွဲ့စည်း ခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များ ကို လွှတ်တော်အခွင့်အရေး ကော်မတီက ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့ ကြောင်း။

ထို့ပြင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင် မြှောက်ခြင်းခံရသည့် အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုး သားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌထံမှ မတ် ၁၇ ရက်တွင် ပေးပို့သော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ဘယ်လာရုစ်သမ္မတ နိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌထံမှ မတ် ၁၇ ရက်တွင် ပေးပို့သော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ထံမှ မတ် ၁၉ ရက်တွင် ပေးပို့သော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ တရုတ်ကွန်မြူနစ် ပါတီဗဟိုကော်မတီ နိုင်ငံတကာ ရေးရာဌာနဝန်ကြီးထံမှ မတ် ၂၃ ရက်တွင် ပေးပို့သော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ရုရှား-မြန်မာ ချစ်ကြည်ရေး အသင်းနှင့် ပူးပေါင်းဆောင်ရွက် ရေးအသင်း ဒုတိယဥက္ကဋ္ဌထံမှ မတ် ၂၃ ရက်တွင် ပေးပို့လာသော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း ဆောင်ရွက် နိုင်ခဲ့ပါကြောင်း။

ရွေးကောက်ခံ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦး ကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အမည်စာရင်းအား ပြည်ထောင်စု လွှတ်တော်နာယကထံသို့ ပေးပို့ တင်ပြခဲ့ရာ ယခုဆိုလျှင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ် တင်မြှောက်ခဲ့သည့် ဒုတိယသမ္မတသည် နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင် မြှောက်ခြင်းခံထားရသူအနေဖြင့် တာဝန်များကို ထမ်းဆောင်လျက် ရှိကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုပါကြောင်း၊ တတိယ အကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလ အတွင်း လွှတ်တော်အစည်းအဝေး သို့ လေ့လာသူအဖြစ် နိုင်ငံရေး ပါတီများမှ လာရောက်လေ့လာ သူ ၂၁ ဦး၊ ပြည်သူလူထုလေ့လာ သူ ငါးဦး လာရောက်လေ့လာခဲ့ကြ ပါကြောင်း။

မတ်လ ၁၆ ရက်က စပြီး ဧပြီ ၈ ရက်အထိ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်း အဝေးနှင့် ရွေးကောက်ခံပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးများတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ နှင့်အညီ ရွေးကောက်တင်မြှောက် ခြင်းအပိုင်းနှင့်စပ်လျဉ်း၍ ချမှတ် ခဲ့သည့် ဆုံးဖြတ်ချက်များမှာ သဘာပတိ တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်း၊ နိုင်ငံတော်သမ္မတ အရည်အချင်း စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးချယ် ခြင်းနှင့် ဒုတိယသမ္မတ ရွေးချယ် တင်မြှောက်ခြင်းတို့ ဆောင်ရွက်ခဲ့ ကြောင်း။

အတည်ပြုခြင်း အပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ် ချက်များမှာ ဥပဒေကြမ်း ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်း၊ ပြည်သူ့ငွေစာရင်း ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်း အဝေးများနှင့်စပ်လျဉ်း၍ တင်ပြ ချက်ကို အတည်ပြုခြင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီ ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကိုအတည် ပြုခြင်းနှင့် အစိုးရ၏ အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီဖွဲ့စည်း ခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကိုအတည် ပြုခြင်းတို့ ဆောင်ရွက်ခဲ့ပါ ကြောင်း။

ဖွဲ့စည်းခြင်းအပိုင်းနှင့် စပ်လျဉ်း ၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ အနေဖြင့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီ နှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း တို့ ဖြစ်ပါကြောင်း။

မှတ်တမ်းတင်ခြင်း အပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ် ချက်များအနေဖြင့် တတိယ အကြိမ် ပြည်သူ့လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမနေ့ အစည်းအဝေးများ တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာ သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ(၅)ခုကို မှတ်တမ်းတင် ခြင်း၊ ရွေးကောက်ခံပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမ နေ့နှင့် ဒုတိယနေ့အစည်းအဝေး များ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊ တတိယ အကြိမ် ပြည်သူ့လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး ကာလနှင့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ကျင်းပသည့်ရက် အတွင်း ဆောင်ရွက်ခဲ့သည့် ဖော်ပြပါ ဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များအား မှတ်တမ်း တင်ထားရှိပြီး ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာ စကား ပြောကြားရာတွင် တတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်း အဝေးကို ၂၀၂၆ ခုနှစ်၊ မတ် ၁၆ ရက်တွင် စတင်ခဲ့ပြီး ယနေ့ ဧပြီ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ပါ ကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူကို ကိုယ်စားပြုခွင့်ရသည့် နေရာတစ်ခု ဖြစ်ပါကြောင်း၊ လွှတ်တော် အဆောက်အအုံထဲ တွင် **“ပြည်သူ့အသံလွှတ်တော် အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော် ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်”** ဆိုသည့် ဆောင်ပုဒ်များကို နေရာ အနှံ့အပြားတွင် တွေ့မြင်ရမည် ဖြစ်ပါကြောင်း။

လွှတ်တော်၏ လုပ်ငန်းတာဝန် များကို ကြည့်မည်ဆိုပါက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ် တင်မြှောက်ခြင်းနှင့် သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူ လူထုကိုကိုယ်စားပြုခြင်း၊ ဥပဒေ ပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရား စီရင်ရေးဆိုင်ရာ အဖွဲ့အစည်း များ၏ ဆောင်ရွက်ချက်များကို အပြန်အလှန်ထိန်းညှိခြင်းများကို တွေ့ရမည်ဖြစ်ပါကြောင်း။

တတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်း အဝေးကာလအတွင်းတွင် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ကို မဲပေးရွေးချယ် တင်မြှောက် ပေးလိုက်သည့် ပြည်သူများ၏ကိုယ်စား ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ များ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း များကို ရွေးချယ်တင်မြှောက် အတည်ပြု ဆောင်ရွက်နေကြပြီ ဖြစ်သည့်အတွက် လွှတ်တော်၏ အဓိကတာဝန်များကို အချိန်တို အတွင်း အထိုက်အလျောက် ပြီးမြောက်အောင် ဆောင်ရွက်နိုင် ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုဆောင် ရွက်ချက်များအတွက် လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်သူများ အားလုံးကို ပြည်သူ့လွှတ်တော်က ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူ မှတ်တမ်းပြုအပ်ပါကြောင်း။

မကြာမီ လွှတ်တော်ကို ခေတ္တ ရပ်နားမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ရပ်နားနေစဉ် ကာလ အတွင်း ကိုယ်စားလှယ်များအနေ ဖြင့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည်နှင့်အညီ ရောက်ရှိရာ နေရာဒေသတိုင်းတွင် ပြည်သူ့ အသံကိုနားထောင်ခြင်း၊ ပြည်သူ့ အကျိုးကို ဆောင်ရွက်ခြင်း၊ အမျိုးသား အကျိုးစီးပွားကို အလေးအနက်ထားပြီး ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင် အထည်ဖော်နိုင်မည့် ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်စေရန်၊ ပါတီစုံဒီမိုကရေစီ စနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင် ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူကို ထာဝရကိုယ်စားပြုနိုင် ရန် အထူးအလေးထား ကြိုးစား ဆောင်ရွက် သွားကြစေလိုပါ ကြောင်း။

ထို့ပြင် ပြည်သူများ၏ လူမှု စီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ခိုင်မာစေမည့် လုပ်ငန်း တာဝန်များကိုလည်း စိတ်ကောင်း စေတနာမှန်နှင့် ဆတက်ထမ်းပိုး ထမ်းဆောင်ကြရန် လိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ သည် နိုင်ငံတော်၏ အဓိကကျ သော မဏ္ဍိုင်ကြီးတစ်ခုဖြစ်သည့် ဥပဒေပြုမဏ္ဍိုင်တွင် ပါဝင် ဆောင်ရွက်နေကြသူများ ဖြစ် သည့်အတွက် မိမိတို့ဆောင်ရွက် ရမည့် လုပ်ငန်းတာဝန်လုပ်ပိုင်ခွင့် များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ကိုက်ညီအောင် ကြိုးပမ်းပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာ ကိစ္စများကို အားလပ်ချိန်များတွင် လေ့လာထားရမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၉ သို့ *

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး




တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

နေပြည်တော် ဧပြီ ၈

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၂၁၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၁၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာကျောင်းလီကျဲ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စဗယ်လင်တီနာ မက်ဗီယန်ကို၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ကောင်စီ (အထက်လွှတ်တော်) ဥက္ကဋ္ဌ မစ္စနာတာလီယာ ကိုချာနီဗာ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်တို့က ပေးပို့လာသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပြီးဆုံးပြီဖြစ်ကြောင်း၊ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ် ၁၈ ရက်မှ ဧပြီ ၈ ရက်အထိ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးပထမနေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲမှ သဘာပတိအဖြစ် တင်မြှောက်ခြင်းနှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးက ကရင်ပြည်နယ်လွှတ်တော် (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းနီနီအေးကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အနေဖြင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ၂၀၁၅ ခုနှစ်အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ တို့အရ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများကို ဖွဲ့စည်းနိုင်ရေးအတွက် ယင်းကော်မတီတစ်ခုချင်းစီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း၊ ယင်းကော်မတီများ အလိုက် တာဝန်ယူဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စသည့်နိုင်ငံများက အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးတို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့လာခြင်းကို လွှတ်တော်သို့တင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့လွှတ်တော်သည် ဥပဒေပြုရေးအာဏာ ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်း ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရရှိထားသည့် ဥပဒေပြုရေးအာဏာကို အသုံးပြုကာ ပြည်သူများ ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေး တို့ကို ဖော်ဆောင်ပေးမည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေး ကဏ္ဍများ၏ လုပ်ငန်းများကိုလည်း နှံ့နှံ့စပ်စပ်လေ့လာသိရှိထားရန်လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများအပေါ်တွင် မိမိတို့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြောဆိုပြုမူဆောင်ရွက်ချက်များသည် မလျော်ဩဇာသုံးသည့် သဘောမျိုး မသက်ရောက်စေရန် သတိကြီးစွာထားရန် လိုအပ်သည်ကို မှာကြားလိုကြောင်း။

ဒီမိုကရေစီစနစ် ဆိုသည်မှာ ပြည်သူကအုပ်ချုပ်သည့် စနစ်ဟု ပြောနိုင်ကြောင်း၊ နိုင်ငံသားများ အားလုံး လွှတ်တော်ထဲတွင် လာရောက်မထိုင်နိုင်သည့်အတွက် ၎င်းတို့၏ကိုယ်စား ရွေးချယ်တင်မြှောက် စေလွှတ်သည်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူက ပေးအပ်စေခိုင်းသည်များကို တာဝန်ဟုခံယူပြီး ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ ပြည်သူများ ခံစားတွေ့ကြုံနေရသည့် အခက်အခဲများကို ပြည်သူနှင့်ထပ်တူခံစားပြီး ပြည်သူ့အကျိုးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ထဲကို ရောက်ရှိလာကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးသည် ယခုဆိုလျှင် တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေကြသူများဖြစ်ကြကြောင်း၊ ဖြတ်သန်းလာကြသည့် နယ်ပယ်အသီးသီးသည် မတူညီကြသော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများကို ပြဋ္ဌာန်းမည်၊ မေးခွန်းများ၊ အဆိုများကိုမေးမြန်းတင်သွင်းကြမည်ဆိုသည့် ရည်မှန်းချက်ချင်း တူညီကြပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အကြား ဥပဒေပြုရေး၊ မေးခွန်းများ၊ အဆိုများဆွေးနွေးရေးများနှင့်ပတ်သက်ပြီး အမြင်မတူသည်များ၊ သဘောထားကွဲလွဲသည်များ ရှိနေမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ရေရှည်ရှုမြော်နိုင်ပြီး ဆွေးနွေးအဖြေရှာသွားကြရမည် ဖြစ်ကြောင်း။

လွှတ်တော် ကိုယ်စားလှယ်သည် သက်ဆိုင်ရာနိုင်ငံရေးပါတီများ ရှိကြသော်လည်း ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့်ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်ဆိုသည့် ခံယူချက်ထားရှိပြီး အပြန်အလှန်လေးစားမှုဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားများကို ကိုယ်စားပြုသည့် လွှတ်တော်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် လွှတ်တော် အစည်းအဝေး ရပ်နားထားစဉ်တွင် ဒေသခံပြည်သူများ ပေးအပ်မည့်တာဝန်များကို အကောင်အထည် ဖော်ဆောင်ပေးနိုင်ရန်အတွက် ပြည်သူများ၏အသံကို နားထောင်ပြီး ပြည်သူများ၏ နေ့စဉ်ဘဝများကို ထိတွေ့ကာ ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒများကို လွှတ်တော်ထဲအထိရောက်အောင် သယ်ဆောင်၍ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ တင်သွင်းနိုင်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုကြောင်း။

ပြည်သူ့ အကျိုးစီးပွားကို မြင့်မြင့်မားမားဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပြီး ဒီမိုကရေစီ အောင်ပန်းကို ဆွတ်လှမ်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက် နိုင်ပါစေကြောင်း တိုက်တွန်း ပြောကြားရင်း လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည် ရောက်ရှိပါစေဟု ဆုမွန်ကောင်း တောင်းအပ်ကြောင်း ပြောကြားသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။ **သတင်းစဉ်**



တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

---

* စာမျက်နှာ ၈ မှ

ကိုယ်စားလှယ်ကြီးများအနေဖြင့်ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့်ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် မိမိကိုယ်စားပြုသည့် မဲဆန္ဒနယ်မြေနှင့် မိမိကိုယ်စားပြုရာ မဲဆန္ဒနယ်မြေအတွင်းတွင် ရှိသည့် နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အရေးကိစ္စများကို အမြော်အမြင်ရှိစွာဖြင့် ဥပဒေနှင့်အညီ အလေးထားကြိုးပမ်းဆောင်ရွက်ကြပြီး ပြည်သူများ၏ လိုလားချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် မေတ္တာရှင် သူရဲကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြရန် ယုံကြည်မျှော်လင့်လျက်ရှိပါကြောင်း။

မကြာမီ ကျရောက်မည့် ၁၃၈၈ ခုနှစ် မြန်မာ့နှစ်သစ်ကူးအခါသမယတွင် ပျော်ရွှင်ကျန်းမာစွာ ဖြတ်သန်း နိုင်ကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်းဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာဖြင့် ကိုယ်စားလှယ်များအားလုံးကို ပြန်လည်ဆုံတွေ့ကြပါစို့ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေးကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၈

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိ မြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား ကျင်းပပြုလုပ်မည့် အမှတ် (၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်သို့ ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပသည်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးအပ်ချီးမြှင့်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၉ သိန်းကို ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး က ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူစဉ်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ နိုင်ငံတော် အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ အရာရှိ၊ စစ်သည်၊ အစားခန့် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြဝတီတေးဂီတအဖွဲ့က **"ကကပြည်ရဲ့မြဝတီ"** တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကုန်လွန်ခဲ့သည့် နှစ်တစ်နှစ် သို့မဟုတ် ကျန်ရစ်ခဲ့သည့် ရက်စွဲတစ်ခုသည် နောင်လာမည့် ကာလများအတွက် သမိုင်းမှတ်တမ်းများပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကို ပြန်ကြည့်မည်ဆိုပါက တပ်မတော်၏ မှတ်တမ်းပုံရိပ်များကိုလည်း ပူးတွဲတွေ့မြင်ကြရမည် ဖြစ်ကြောင်း၊ ထို့အတူ တပ်မတော်၏ သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ သမိုင်းကြောင်းကို ပြန်ကြည့်ပါက ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် "ပညာရေးဌာနစု" အဖြစ် စတင်ပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် "ပညာရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး"၊ ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်တွင် "ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး" အဖြစ် ခေတ်ကာလနှင့်အညီ အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ မျက်မှောက်ကာလတိုင် ရှည်လျားသည့် သမိုင်းခရီးစဉ်တစ်လျှောက် နိုင်ငံတော်၏ ခရီးလမ်းအသွယ်သွယ်ကို အခြားလက်ရုံးတပ်များနည်းတူ ပါဝင်ဖြတ်ကျော်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သမိုင်းကပေးသည့် အတွေ့အကြုံများအရ လိုအပ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးဆိုင်ရာ တပ်ဖွဲ့များကို အဆင့်ဆင့်ဖွင့်လှစ်ခဲ့ပြီး ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေးနှင့် ပညာရေးတာဝန်များကို အတိတ်သမိုင်းမှစ၍ ယနေ့ထက်တိုင် ကြိုးပမ်းထမ်းရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ လိုအပ်ချက်အရ ခေတ်ကာလတစ်လျှောက် မည်သို့ပင် အမည်နာမများ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သော်လည်း မူလရည်မှန်းချက် တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊စည်းရုံးရေး၊ ပညာပေးရေးဆိုသည့် လုပ်ငန်းတာဝန်လေးရပ်ကို ကျေပွန်စွာကြိုးစားအကောင်အထည်ဖော်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေး (Public Relations)နှင့် စိတ်ဓာတ်စစ်ဆင်ရေး (Psychological Warfare) ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက **ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ အဖွဲ့အစည်းတစ်ခုနှင့် လူထုအကြား အပြန်အလှန် အကျိုးရှိသည့် ဆက်ဆံရေးကို ထူထောင်ရသည့် ဆက်သွယ်ရေး မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်ကြောင်း၊ စိတ်ဓာတ်စစ်ဆင်ရေးဆိုသည်မှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) အင်အားစုကြီး တစ်ခုလုံးကို စိတ်ဓာတ်နှင့် တည်ဆောက်ပြီး ပြည်သူကြားက မွေးဖွားလာသည့် တပ်မတော်နှင့် ပြည်သူကို တစ်သားတည်း ဖြစ်စေသည်အထိ စွမ်းပကား ကြီးမားကြောင်းကို** တွေ့ရှိရမည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့ဖြစ်စဉ်များကို လေ့လာကြည့်ပါက နိုင်ငံအသီးသီး၏ ပညာရေးစနစ် အခြေခံခိုင်မာမှုရှိ၊ မရှိ ဆိုသည်ကို စိန်ခေါ်မှုများစွာဖြင့် နေ့စဉ် ဆန်းစစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ပညာပြည့်ဝသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများအတွက်လည်း ပညာပြည့်ဝသည့်တပ်မတော်သားအရင်းအမြစ်များ များစွာရှိနေရန် လိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့်ကွပ်ကဲမှုအောက် ပညာရေးတပ်၊ ကျောင်းများ၏ အခန်းကဏ္ဍသည် အဓိကအရေးပါသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သမိုင်းကို ပြန်ကြည့်ပါက ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလတွင် တပ်မှူးများ ညီလာခံမှ စတင်အသက်ဝင်ခဲ့သည့် တပ်မတော်သားတိုင်း အရေး၊ အဖတ်၊ အတွက် "အ" သုံးလုံးကျေ ပညာရပ်များကို တတ်မြောက်ရမည်ဆိုသည့် မူဝါဒကို ထိုစဉ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ အချိန်အခါတွင်လည်း တပ်မတော်ပညာရေး ကျောင်းများကို ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးက တာဝန်ယူပြီး ဆက်လက်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း။ **စာမျက်နှာ ၁၁ သို့**

☆ စာမျက်နှာ ၁၀ မှ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြဝတီရုပ်မြင်သံကြား (နေပြည်တော်) ထုတ်လွှင့်ရေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အဖွဲ့ဝင်များ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

ထို့အပြင်နိုင်ငံတော်၏ဒေသအနှံ့တွင် ကျရာတာဝန်ကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ တိုက်ပွဲကျဆုံးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများ၏ သားသမီးများ၏ ပညာရည်မြင့်မားစေရန်အတွက် “တပ်မတော် ကလေးကျောင်း”များကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၁၉၅၂ ခုနှစ်မှ စတင်ဖွင့်လှစ် ပညာသင်ကြားခဲ့ကြောင်း၊ ယနေ့အခါတွင် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အခြေခံပညာ ကျောင်းများအဖြစ် နှင့်နေပြည်တော်တွင် စတင်ဖွင့်လှစ်ပြီး အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ဖွင့်လှစ် ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ် ကောင်းများလည်း ပေါ်ထွန်း လာမည်ဖြစ်ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူလက်ရှိနိုင်ငံတော်အစိုးရသစ် လက်ထက်တွင်လည်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့များ၏ စွမ်းပကားနှင့် နိုင်ငံ့အရေးအတွက် ဆက်လက်အားဖြည့် ကူညီကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန်လည်း အလေးအနက်ထားမှာကြားလိုကြောင်း။

ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတပ်ဖွဲ့၏ လေးမြတ်သည့် ဂုဏ်ဒြပ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက် အဆင့်မြင့်တင်နိုင်ခဲ့ပြီး နိုင်ငံတော်၏ ပညာရည်မြင့်မားရေးကို အားဖြည့် ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေရမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်သွားရမည့် တပ်မတော် တစ်ရပ်အနေဖြင့် အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသည့် တပ်မတော်သား အရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားရေးသည် အရေးကြီးဆုံးအချက်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍ ပညာရေးနှင့် ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပညာရေးကဏ္ဍသစ်မှာ တပ်မတော်တွင် စစ်မှုထမ်းဆောင်ဆဲ တပ်မတော်သား အရာရှိ၊ စစ်သည်များ၏သား၊ သမီးများ၊ တပ်မတော်သား အငြိမ်းစား အရာရှိ၊ စစ်သည်များ၏ သား၊ သမီးများနှင့် ကျဆုံးသွားကြသော တပ်မတော်သား အရာရှိ၊ စစ်သည်များ၏ သား၊ သမီးများ၏ ပညာရေးကို စဉ်ဆက်မပြတ် တာဝန်ယူစောင့်ရှောက်နိုင်ရန် တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန် ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော် ဆေးဘက်ဆိုင်ရာ ပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်း ပေးမှုများနှင့် ဆက်လက် တက်ရောက်နိုင်ရန် ဆောင်ရွက် ပေးသွားမည်ကို ပြောကြားလိုကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်များသည် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စာပေ၊ ဂီတ၊ မီဒီယာစသည့် သဘောသဘာဝအပေါ် အခြေခံပြီး ဖွဲ့စည်းထားသော တပ်ဖွဲ့များဖြစ်ခြင်းကြောင့် တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီးသည့် အချက်ပင်ဖြစ်ကြောင်း၊ ပေးအပ်လာသော တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက် ကောင်းအားထက် စုပေါင်းအားကို အဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း။

စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး ပိုမိုရေရှည်တည်တံ့ခိုင်မာရေး အတွက် အဓိကအရေးပါသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်တပ်များ အတွက် လိုအပ်သည့် အသွင်သဏ္ဌာန်ပိုင်းနှင့် အနှစ်သာရပိုင်းများကိုလည်း ပိုမိုခေတ်မီတိုးတက်အောင် ဖြည့်ဆည်းပေးနိုင်ရေး ပြီး နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်များအပေါ် ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ရင်း မိမိ၏ဂုဏ်၊ တပ်ဖွဲ့၏ ဂုဏ်ကို မြှင့်တင်သွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ဝတ္ထုတိုပေါင်းချုပ် (ပထမ) ဆုရရှိသူ ဗိုလ်မှူး ရာဇာအောင်၊ ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ကဗျာပေါင်းချုပ် (ဒုတိယ) ဆုရှိသူ ဒုတိယအရာခံဗိုလ်/စာရေး ဇော်မင်းထက်၊ ၂၀၂၄ ခုနှစ် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ် (ဒုတိယ) ဆုရရှိသူ ဗိုလ်မှူး ကျော်ရဲသိန်းနှင့် ၂၀၂၄ ခုနှစ် စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေဆု (ဒုတိယ) ဆုရရှိသူ ဗိုလ်ကြီး အောင်မျိုးဝင်းတို့က ဆုများ အသီးသီးလက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ရွေးကောက် တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးအပ်ချီးမြှင့်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၉ သိန်းကို ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ထို့နောက်ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ ပြည်သူ့ဆက်ဆံရေး နှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြု ပေးအပ်သည်။

ယင်းနောက် ကော်မရှင်အတွင်း ရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြဝတီ တေးဂီတအဖွဲ့နှင့်အတူ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ရုပ်ရှင်နှင့် သဘင်ဂီတအနုပညာရှင် များ ပူးပေါင်း၍ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှု အားပေးသည်။

ဖျော်ဖြေ တင်ဆက်မှုများ အပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီးကျော်စွာလင်း က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေး အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေ များကိုလည်းကောင်း၊ ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းကို လည်းကောင်း ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူ များက လက်ခံရယူကြသည်။

အခမ်းအနား အပြီးတွင် ကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် နှင့်အဖွဲ့ဝင်များသည် မြဝတီ ရုပ်မြင်သံကြား ( နေပြည်တော်) ထုတ်လွှင့်ရေး စက်ရုံအတွင်းရှိ TV Studio အတွင်း Program ရိုက်ကူး မှုများ၊ Master Control Room အတွင်းရှိ စက်ပစ္စည်းများ၏ လုပ်ဆောင်ချက်များ၊ နေ့စဉ် ထုတ်လွှင့်လျက်ရှိသည့် သတင်း အစီအစဉ်များအား လက်တွေ့ ရိုက်ကူးမှုများနှင့် ရုပ်မြင်သံကြား အစီအစဉ် ထုတ်လွှင့်ခြင်းများကို လိုက်လံကြည့်ရှုကြပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သိရှိ လိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို လမ်းညွှန် မှာကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်း ရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်း ပြသထားသည့် ပြခန်းများနှင့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြခန်း တို့ကို လှည့်လည်ကြည့်ရှု၍ ပြခန်း တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှု များအပေါ် သိရှိလိုသည်များမေးမြန်း ပြီး လိုအပ်သည်များ လမ်းညွှန် မှာကြားသည်။

ထို့နောက် ကော်မရှင်အတွင်း ရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင်မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး တက်ရောက် လာကြသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့်အတူ နှစ်ပတ်လည် နေ့အထိမ်းအမှတ် နေ့လယ်စာကို အတူ တကွသုံးဆောင်သည်။

ယင်းနောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ် ထားသည့် Signing Board တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုး ပြီး ပြန်လည်ထွက်ခွာရာ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ က နှုတ်ဆက်ကြသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံးသည် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် မြန်မာ့ လွတ်လပ်ရေး သမိုင်းကြောင်းနှင့် အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့ခြင်းဖြစ် ပြီးခေတ်အဆက်ဆက်တပ်မတော် ၏ သမိုင်းတစ်လျှောက်တွင် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ် စစ်ဆင်ရေး၊ တပ်မတော်သားများ အတွက် ပညာရေးနှင့်စည်းရုံးရေး လုပ်ငန်းများကို အောင်မြင် ကျေပွန်စွာ ထမ်းရွက်ခဲ့သကဲ့သို့ အနာဂတ် ကာလများတွင်လည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၍ တာဝန်များကို ဆက်လက် ထမ်းဆောင်လျက်ရှိကြောင်း သိရ သည်။

သတင်းစဉ်



## အထည်ချုပ်သင်တန်းနှင့် အဆို၊ အက၊ အတီးသင်တန်း ဖွင့်လှစ်သင်ကြားနေမှုအားကြည့်ရှုအားပေး၊ ထောက်ပံ့ငွေများပေးအပ်

**ဟိုပုံး ဧပြီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည် ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယ အကြိမ် ရွှေ့ပြေးစီမံကိန်း (Pilot Project)အရ စီမံကိန်း နယ်မြေအတွင်း ပအိုဝ်းတိုင်းရင်း သားရိုးရာ အထည်ချုပ်သင် တန်းနှင့် ပအိုဝ်းတိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အတီးသင်တန်းဖွင့်လှစ်သင်ကြား ပေးလျက်ရှိရာ ဧပြီ ၆ ရက် မွန်းလွဲ ၃ နာရီက ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီး ရေးရာအဖွဲ့မှ နောင်တောင်း ပရဟိတတပ်ဦးဘုန်းတော်ကြီး ကျောင်းရှိ သက်မွေးပညာရေး ဌာန၌ ထောက်ပံ့ငွေများ ပေးအပ် ခဲ့သည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီး ရေးရာအဖွဲ့ နာယက ဒေါ်မြတ် ခင်မော်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပအိုဝ်း တိုင်းရင်းသား ရိုးရာအထည်ချုပ် သင်တန်းနှင့် ပအိုဝ်းတိုင်းရင်း သားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး သင်တန်းဖွင့်လှစ် သင်ကြားနေမှုအား ကြည့်ရှု အားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့်စိန်စက် ချုပ်လုပ်ငန်း ဆောင်ရွက်နေမှု အား သွားရောက် ကြည့်ရှုအား ပေးကာ နောင်တောင်းသီလရှင် ကျောင်းရှိ သီလရှင်ဆရာလေး များအား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက် ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**

## မီးသတ်စခန်းမှ ရပ်ကွက်နေပြည်သူများအား သောက်သုံးရေလှူဒါန်း

**မန္တလေး ဧပြီ ၈**

နွေရာသီကာလအတွင်း အပူရှိန်မြင့်မားမှုကြောင့် သောက် သုံးရေ အခက်အခဲဖြစ်ပေါ်နေသော ပြည်သူများအတွက်မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မီးသတ် စခန်းမှ တပ်ဖွဲ့ဝင်များသည် ၅၃ လမ်း၊ ၁၀၆လမ်း နှင့်၁၀၇လမ်း ကြား၊ အောင်ပင်လယ်ရပ်ကွက် အတွင်းရှိ နေအိမ်များသို့ သောက် သုံးရေလှူဒါန်းခြင်းကို ယမန် နေ့မွန်းတည့် ၁၂ နာရီမှစ၍ ဆောင်ရွက်ခဲ့ကြသည်။



ချမ်းမြသာစည်မြို့နယ် မီး သတ်ဦးစီးမှူး ဦးကျော်စွာမင်း ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ ဝင်များနှင့် အောင်ပင်လယ်နယ် မြေစခန်းမှ အရန်မီးသတ်တပ်ဖွဲ့ ဝင်များက ရေသယ်ယာဉ်များဖြင့် ရပ်ကွက်နေပြည်သူများထံ အိမ် တိုင်ရာရောက် သွားရောက်၍ မြို့နယ်မီးသတ်စခန်းမှ ရေသယ် ယာဉ် တစ်စီး၊ အောင်ပင်လယ် နယ်မြေမီးသတ်စခန်းမှ ရေသယ် ယာဉ် တစ်စီးနှင့် အောင်ပင် လယ်တပ်စု(၁) အရန်မီးသတ် စခန်းမှ မီးသတ်ယာဉ် တစ်စီး တို့ဖြင့် စုစုပေါင်းရေဂါလန် ၈၀၀၀ ခန့်ကို သွားရောက်လှူဒါန်း ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အလင်းသစ်(ချမ်း-စည် ပြန်/ဆက်)**

## အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိ

**သရက် ဧပြီ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြည်သူ့ဆေးရုံ တွင် အပူဒဏ်ကာကွယ်ရေး လုပ်ငန်းများကို ကြိုတင်ပြင်ဆင် မှုများ ဆောင်ရွက်ထားလျက်ရှိ သည်။

ယခုအခါ ပူပြင်းသည့် နွေရာသီကာလသို့ ရောက်ရှိနေ ပြီဖြစ်ပါသဖြင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများ ဖြင့် ပြည်သူ့ဆေးရုံများသို့ လာ ရောက်ပြသသော လူနာများအား လိုအပ်သော ကျန်းမာရေးစောင့် ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများအား ဆောင် ရွက်လျက်ရှိရာ သရက်မြို့ ပြည်သူ့ဆေးရုံတွင် လူနာများ လက်ခံကုသပေးမည့် နေရာများ ကြိုတင်ပြင်ဆင်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ဖြည့် ဆည်းထားရှိခြင်း၊ ဘာသာရပ် ဆိုင်ရာကျွမ်းကျင်မှုရှိစေရေး အတွက် အပူဒဏ်အန္တရာယ် လူနာများအား အရေးပေါ်ကုသမှု ပေးရာတွင် ကုသမှုလုပ်ငန်းလမ်း ညွှန်မှုနှင့်အညီ ဆောင်ရွက်ရန် အတွက် လေ့ကျင့်မှုများဆောင် ရွက်ခြင်း အပါအဝင် အပူဒဏ် အန္တရာယ်နှင့်ပတ်သက်သော ကျန်း မာရေးပြဿနာများ ကာကွယ် ကုသရေးအတွက် လုပ်ငန်းများ အား အရှိန်အဟုန်မြှင့်တင်ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) ဇော်ထက်(သရက်)**



## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နှင့် မြို့တွင်းသင်္ကြန် ရေကစားမဏ္ဍပ်များ ပိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာ သင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မန္တလေးမြို့တော်အတွင်း အောက်ပါ အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီမံထားရှိပါသည် -

(က) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ကျုံးအနောက်ဘက်ခြမ်း လမ်း ၈၀၊ ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းနှင့် ကျုံးမြောက်ဘက်ခြမ်း ၁၂ လမ်း ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်၍ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေကာ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ခ) ၇၃ လမ်းတစ်လျှောက် သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ရှေ့တွင် လောင်းလှေများ၊ ကြယ် ပွင့်များ၊ ပန်းအလှခြင်းများ၊ ရောင်စုံထီးများ၊ မြန်မာ့ရိုးရာ သနပ်ခါး သင်္ကြန် အစီအစဉ်များဖြင့် အလှဆင်ဆောင်ရွက်မည့်အပြင် ရေကစား မဏ္ဍပ်အသေးများ ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေး သွားမည် ဖြစ်ပါသည်။

(ဂ) မန္တလေးမြို့တော်အတွင်းနှင့် ကျုံးပတ်လည်နေရာများတွင် ရေကစားမဏ္ဍပ် ဆောက်လုပ်၍ ရေပက်ကစားလိုပါက မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(ဃ) ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နေရာများတွင် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ခြင်း လုံးဝခွင့်မပြုပါ။

၂။ သို့ဖြစ်ပါ၍ မန္တလေးမြို့ပေါ် (၆)မြို့နယ်ရှိ လမ်းမကြီးများနှင့် မန္တလေး နန်းမြို့ ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရေကစားလိုသူများအနေဖြင့် ရေကစားရန်နေရာများကို **"မည်သည့်အခွန်အခများ ပေးသွင်း ရန် မလိုဘဲ"** ဦးရာလူစနစ်ဖြင့် ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များ ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေး လုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ဖုန်းနံပါတ် ၀၉-၂၆၂၂၉၁၃၇၄၊ ၀၉- ၂၅၆၃၇၈၆၅၄ တို့ထံသို့ **(၉-၄-၂၀၂၆)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ။**

## သင်္ကြန်ယိမ်းအဖွဲ့များအလိုက် ကြိုတင်လေ့ကျင့်ခြင်းဆောင်ရွက်

**မကွေး ဧပြီ ၈**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက်ကျင်းပနိုင်ရန်၊ ပြည်သူ များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်း ချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော် တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင် ဆင်နွှဲနိုင်ရန်၊ ပြည်သူများ မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာ ရေပက်ဖျန်း လန်းဆန်းစေခြင်း ဖြင့် နှစ်သစ်တွင်နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်



ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာ မှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနှစ်သာရများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ နိုင်ရန် ဌာနဆိုင်ရာများအလိုက် သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သင်္ကြန် အကအလှများကို ဇာတ်တိုက်လေ့ ကျင့်လျက်ရှိသည်။

သင်္ကြန်ပွဲတော်တွင် ပါဝင် ယှဉ်ပြိုင်ဖျော်ဖြေနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရက်ကွက်များ၊ ကျောင်းများ အလိုက် ယိမ်းအဖွဲ့ ၁၈ ဖွဲ့က သက်ဆိုင်ရာ နေရာအသီးသီးတွင် ကြိုတင်လေ့ကျင့်လျက်ရှိပြီး ဗဟိုမဏ္ဍပ်၊ ဝန်ကြီးဌာနမဏ္ဍပ် များ၊ လမ်းလျှောက်သင်္ကြန်နှင့် စတုဒိသာကျွေးမွေးခြင်းများ ပါဝင် မည်ဖြစ်သည်။

မကွေးမြို့ မဟာသင်္ကြန် ပွဲတော်ကို ဧပြီ ၁၃ ရက် သင်္ကြန် အကြိုနေ့ နံနက်ပိုင်းတွင် ဖွင့်ပွဲ ကျင်းပသွားမည်ဖြစ်ပြီး ပိတ်ပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ ညနေပိုင်း တွင် ကျင်းပပြုလုပ်သွားမည်ဖြစ် ကြောင်းနှင့် မြန်မာနှစ်ဆန်းတစ် ရက်တွင် သက်ကြီးပူဇော်ပွဲနှင့် ဓီဝိတဒါန ငါးလွှတ်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

**(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

# မြန်မာ့ရိုးရာ သားရှင်ပြုအလှူတော်မင်္ဂလာ

မြန်မာမှု အေးပေါ်

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် သားသမီးရတနာ အရွယ်ရောက်လာလျှင် ရှင်သာမဏေဘဝ မြတ်ဗုဒ္ဓသာသနာတွင်း သွတ်သွင်းကာ သားရှင်ပြု သမီးနားသအလှူတော်မင်္ဂလာပွဲများ ပြုလုပ်ကြသည်။ ထိုသို့အလှူပွဲများ တောရောမြို့ပါ စည်ကားသိုက်မြိုက်စွာ မိရိုးဖလာ မြန်မာ့ရိုးရာအဖြစ် ဆင်နွှဲကြသည်။ ထို့ကြောင့်လည်း ဤသို့သော အလှူပွဲများကို မြန်မာတို့၏ ရိုးရာဓလေ့တစ်ခုအဖြစ် သမိုင်းတွင် တည်ရှိစေခဲ့ပါသည်။

လယ်ယာ၊ ကိုင်း၊ ကျွန်း ဖြစ်ထွန်းကာ ငွေပေါ်သည့်အချိန်၊ မိုးအကုန်ဆောင်းအကူး ရွှင်မြူးစရာ လရာသီမှာ မြန်မာပြည်အလယ်ပိုင်းတွင်ရှိ ချစ်ခင်စရာ ရွာလေးတစ်ရွာသည် ဗုဒ္ဓဘာသာဝင်အများစု မြန်မာတို့နေထိုင်သည်မို့ မြန်မာဆန်ဆန် ရိုးရာအလှူပွဲ ပျော်ရွှင်စွာဆင်နွှဲကြသည်မှာ ကြည်နူးစရာပါ။ ထို့ကြောင့်လည်း ထိုရွာလေး၏ ကျေးရွာအလှူပွဲအကြောင်းကို မြန်မာဆန်ဆန် ရိုးရာအသွင် သမိုင်းတင်ပုံကို ရေးသားဖော်ပြချင်ပါသည်။ထိုရွာလေးသည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းတွင် တည်ရှိပြီး ချောက်မြို့နှင့် ၂၃ မိုင်၊ တောင်ဘက်ရေနံချောင်းနှင့် ၂၁ မိုင်၊ ကျောက်ပန်းတောင်းနှင့် ၁၄ မိုင်ကွာဝေးသော 'ရွှေစု' ရွာလေးပါ။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်ကာလ အိမ်ခြေပေါင်း ၁၀၀ ဝန်းကျင်သာရှိစဉ်က ရွာတွင် သားရှင်ပြုအလှူပွဲ တစ်ခုပြုလုပ်တော့မည်ဆိုလျှင် ကျေးရွာမှ ပေါင်းစုညီညာ ကူညီနိုင်ရန်အတွက် ကျေးရွာသို့ အသိပေးကာ စည်းဝေးကြရသည်။ ရွာဦးကျောင်းဆရာတော်ထံ သွားရောက်၍လည်း အလှူရက် တောင်းယူကြရသည်။ အလှူရက်ရလျှင် ကျေးရွာ၏ ခေါင်းစီးလူကြီးမင်းက လှည်းရှိသော အိမ်များကို အလှူအတွက် အလှည့်ကျ တောသို့ထွက်၍ ထင်းခုတ်၊ ဝါးခုတ် လုပ်ကြရန် ညွှန်ကြားသည်။အလှူရှင်နှင့် ကျေးရွာရှိလူကြီးများက ပင့်သံဃာ၊ သာမဏေလောင်းများအတွက် သင်္ကန်း၊ ပရိက္ခရာနှင့် လှူဖွယ်ပစ္စည်းများ၊ ဧည့်ခံကျွေးမွေးရန် ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်ငါးခြမ်းနှင့် မုန့်ပဲ သရေစာ၊ လက်ဖက်၊ ပဲစုံစသည့် လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူစုဆောင်းကြရသည်။ သာမဏေလောင်းများကိုလည်း ကျောင်းတော်သို့ အပ်နှံ၍ လူ့ဘောင်မနီးသာသနာ့ကျောင်းတော်နှင့် သင့်မြတ်စွာ နီးစပ်နေတတ်စေရန် လိုအပ်သည်များကိုလည်းကောင်း၊ သာမဏေအတွက်လိုအပ်ချက်ဖြစ်သည့် သင်္ကန်းတောင်းမှအစ သာမဏေကျင့်ဝတ်များကို လေ့လာသင်ကြားစေရပါသည်။

ငွေကြေးတတ်နိုင်သူ အလှူရှင်များက ခမ်းနားထည်ဝါသော မဏ္ဍပ်၊ နာမည်ရသော ဆိုင်းနှင့် နာမည်ရှိဘိသိက်၊ မင်းသမီးများ ငှားရမ်းကာ မြို့ပေါ်မှအလှူလာဧည့်သည်များနှင့် ရွာနီးချုပ်စပ် ပါမကျန် ကြီးကျယ်ခမ်းနားစွာ ကျွေးမွေးဧည့်ခံကာ လှူဒါန်းကြသည်။ ငွေကြေးအားနည်း၍

**မနာလို၊ ဝန်တိုမှုကင်းကာ ချစ်ခင်ရင်းနှီးစွာ စုပေါင်းညီညာကူညီကာ ဆောင်ရွက်တတ်သည့် ကျေးရွာသူ၊ ကျေးရွာသားတို့၏ မြန်မာ့ရိုးရာ စိတ်ထားသည် လွန်စွာမှ မွန်မြတ်လျက် နှစ်သက်စရာကောင်းလှပေသည်။**



သားကြီးရှင်ဖြစ်သာ လှူဒါန်းနိုင်ကြသော ဆင်းရဲသူအလှူရှင်များသည် နေထိုင်ရာကျေးရွာကို အားကိုးကာ ကျေးရွာသူ၊ ကျေးရွာသားများ၏ လုပ်အားဖြင့် ဝါးမဏ္ဍပ်၊ ထမင်းရုံများကို ဖျာမိုး၊ အုန်းလက်မိုး၊ ဖျင်ဖြူမိုးဆောက်လုပ်ကာ တစ်ရွာလုံးမီးနိုးတိတ် ဧည့်ခံကျွေးမွေးလှူဒါန်းကြသည်။

ထိုကျေးရွာ၏ချစ်စရာဓလေ့တစ်ခုမှာ အလှူမတိုင်ခင် ၇ ရက် အလိုမှစကာ ဆွေမျိုးသား ချင်း၊ မိတ်ဆွေသင်္ဂဟများသည် နေ့စဉ် ညတိုင်း အလှူရှင်အိမ်သို့လာ၍ ဆန်ရွေး၊ ဆန်ပြာ၊ အလှူအတွက် ပဲပင်ပေါက်အချဉ်သိပ်ခြင်းအပြင် ထင်းခွဲ၊ ရေခပ်သည်မှအစ လိုအပ်သည်များ ဝိုင်းဝန်းကူညီပေးကြသည်။ အလှူရှင်များကလည်း ညစဉ်ညတိုင်း လာရောက်ကူညီကြသူများကို သင့်ရာမုန့်ပဲသရေစာ၊ လက်ဖက်၊ ရေနွေးကြမ်းတို့နှင့် နွေးထွေးစွာ ဧည့်ခံကြသည်။ မမောနိုင်၊ မပန်းနိုင် ဝိုင်းဝန်းကူညီကာ ပါဝင်ကုသိုလ်ယူကြသော မြန်မာတို့၏နှစ်သက်စရာ စိတ်ဓာတ်မွန်မြတ်လှပေသည်။

အလှူရက်မတိုင်မီ ၃၊ ၄ ရက်အလို အလှူရှင်အိမ်ဝင်း၏ အကျဉ်းအကျယ်ပေါ်မူတည်၍ မဏ္ဍပ်များဆောက်ကြသည်။ အချို့မိတ်များသော အလှူဆိုလျှင် ၆ ခန်း၊ ၅ ခန်း အတောင် ၃၀၊ အတောင်၂၀ ရှိ မဏ္ဍပ်ဆောက်ကြရသည်။ အလှူရက် ၂ ရက်အလို ရွာလုံးကျွတ်ခေါ်ယူစည်းဝေး၍ ဆွမ်းကွမ်း၊ ချက်ပြုတ်ရေးနှင့် ဆွမ်းလောင်းလှူရေး သံဃာ့ဝေယျာဝစ္စအဖွဲ့၊ ဧည့်ခံ ဧည့်ခေါ် လူကြီးများအဖွဲ့၊ ဧည့်သည်ပရိသတ်များအား ကျွေးမွေးဧည့်ခံရေးအဖွဲ့၊ အိုးသူကြီး(ခေါ်)ချက်ပြုတ်ရေးအဖွဲ့၊ ရှင်လောင်းလှည့်ရာတွင် သင်္ကန်းကိုင်၊ ကွမ်းတောင်၊ ပန်းတောင်ကိုင် ကုမ္မာရီအမျိုးသမီးပျိုများအဖွဲ့၊ ရှင်လောင်းထိန်း၊ ရွှေထီးမိုး ကာလသားအမျိုးသားပျိုများအဖွဲ့ စသည်ဖြင့် အလှူပွဲအတွက်စနစ်တကျတာဝန်များချပေးကာ ညီညွတ်စွာ ဆောင်ရွက်ကြသည်မှာ ထိုကျေးရွာ၏ ချစ်စရာထူးခြားချက်ဓလေ့တစ်ခုဖြစ်သည်။

ထိုကျေးရွာ၏ အလှူပွဲများတွင် များသောအားဖြင့် ကျောက်ပန်းတောင်းမှဆိုင်းနှင့် ဘိသိက်၊ မင်းသမီးများကို ငှားရမ်းလေ့ရှိသည်။ ရုံဖန်ရုံခါ မန္တလေးနှင့် အခြားမြို့များမှလည်း ငှားရမ်းကြပါသေးသည်။ အခြားမြို့ရွာများနှင့်မတူ ထိုနယ်၏ဓလေ့တစ်ခုမှာ အလှူဝင်သောနေ့ နံနက် ၁၀ နာရီခန့်တွင် သံဃာတော်များကိုပင့်၍ နေ့ဆွမ်းဆက်ကပ်ကာ မဏ္ဍပ်ဝင် အလှူဦးတရားနာကြားကြခြင်းပင်ဖြစ်သည်။ ထိုအချိန် တရားနာကြွရောက်လာကြသော ရွာသူ၊ ရွာသား ဧည့်သည်များကို ထမင်း၊ ဟင်း၊ မုန့်၊ အချိုပွဲများဖြင့် ဧည့်ခံကျွေးမွေးပါသည်။

ထိုနေ့ညနေပိုင်းတွင် အလှူလှည့်ရန်ရောက်ရှိလာကြသော ရွာမိရွာဖလူကြီးများ၊ ဧည့်သည်တော်များ၊ ညီညွတ်ရေး အမျိုးသား၊ အမျိုးသမီးများ၊ ကျေးရွာဒိုးပတ်ဝိုင်းလူငယ်များနှင့် ရွာရှိလူကုန်ထမင်း၊ ဟင်းများဖြင့် ဦးစွာဧည့်ခံရသည်။ ထို့နောက် သာသနာ့အလံကိုင်၊ ကြေးစည်တီး၊ ကန်တော့ပွဲရွက်၊ တံခွန်ကုက္ကားကိုင်၊ ပန်းအိုးကိုင်၊ သင်္ကန်းကိုင်၊ လှူဖွယ်ပစ္စည်းကိုင်၊ မောင်ရှင်လောင်းနှင့် ရွှေထီးမိုး၊ အလှူ့ဒကာနှင့် သပိတ်လွယ်အဖွဲ့၊ အလှူ့အမနှင့် သင်္ကန်းပိုက်အဖွဲ့၊ နားသများ၏ နွားလှည်းယဉ်တို့အပြင် ကျေးရွာ အိုးစည်ဒိုးပတ်ဝိုင်းအကအဖွဲ့စသည်ဖြင့် ပျော်ရွှင်စည်ကားစွာ ရှင်လောင်းလှည့်ကြပါသည်။ ရွာဦးကျောင်းသို့ရောက်ရှိပြီး မောင်ရှင်လောင်းနှင့် နားသများ ဆရာတော်အားကန်တော့စေ၍ သီလခံယူကြပြီး ရွာကိုတစ်ပတ်လှည့်ကြရာ ညနေ ၆ နာရီကျော်မှ မဏ္ဍပ်သို့ ပြန်ရောက်ကြသည်။

အလှူလှည့်ရာမှ ပြန်ရောက်လာပြီးနောက် အလှူဆိုင်းမှလည်း 'မီးတင်ဖျော' မှ စတင်တီးကာ အလှူဆိုင်းများ၏ ဧည့်ခံမှုကဏ္ဍ စတင်ပါသည်။ အလှူညဧည့်ခံသို့ ရောက်ရှိလာကြသော ဧည့်သည်တော်များကို အချိုပွဲ၊ မုန့်ပွဲများနှင့် ဧည့်ခံပါသည်။ အလှူဆိုင်း နားထောင်ရန်၊ မင်းသမီးအက ကြည့်ရှုအားပေးရန် ရောက်လာကြသော ဧည့်ပရိသတ်များနှင့် အလှူဝင်ည စည်ကားလှပါသည်။ အလှူဆိုင်းနှင့် မင်းသမီးကလည်း ညသန်းခေါင်ကျော်သည်အထိ မမောမပန်း တီးမှုတ်ဖျော်ဖြေကြပါသည်။

ထိုကျေးရွာအလှူပွဲ၏ ထူးခြားချက်နောက်တစ်ခုမှာ အလှူကြီးနေ့ နံနက်စောစော အရုဏ်တက်၌ ရွာဦးကျောင်းတွင် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ထို့နောက် အလှူမဏ္ဍပ်၌ပင် ရွာနီးချုပ်စပ်နှင့်အခြားကျေးရွာများမှ ပင့်သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများကို ဆွမ်းတော်ကြီးလောင်းလှူခြင်း၊ အလှူရှင်၏ ဆွေတော်မျိုးတော်များနှင့် ရွာသူရွာသားများမှ မုန့်မျိုးစုံများ ပါဝင်လှူဒါန်းကြရခြင်းတို့ ဖြစ်သည်။ ဆွမ်းတော်ကြီးလောင်းလှူရာတွင် ဒေသစရိုက်အရ မုန့်ဆီကြော်၊ ဘီစကစ်ထုပ်၊ ကန်စွန်းဥပြုတ်၊ ထန်းပင်မြစ်ပြုတ်၊ မျောက်ဥပြုတ်၊ ဆေးပေါ့လိပ်နှင့် နဝကမ္မဝတ္ထုများပါ လောင်းလှူကြသည်။ ဆွမ်းတော်ကြီးလောင်းပြီးချိန် နံနက် ၇ နာရီခန့်မှစ၍ အလှူပွဲသို့ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများကို ထမင်း၊ အချိုပွဲ၊ လက်ဖက်တို့ကို ဧည့်ခံကျွေးမွေးပါသည်။ ဆိုင်းအဖွဲ့မှလည်း အလှူပွဲနှင့် သက်ဆိုင်ရာ တေးသီချင်းများဖြင့်ဧည့်ခံဖျော်ဖြေကြသည်။ အပျိုခေါင်းနှင့် ကုမ္မာရီအမျိုးသမီးများကလည်း မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ကာ အလှူပွဲလာဧည့်သည်တော်များကို လိုလေသေးမရှိအောင် ဧည့်ခံကြသလို လူပျိုခေါင်းနှင့် ကာလသားများကလည်း ကျရာတာဝန်ကို မငြီးမငြူစတမ်း ကျေပွန်စွာထမ်းဆောင်ကြပါသည်။

ကျေးရွာ၏အလှူပွဲတိုင်းသည် နံနက်စောစီးစွာမှစ၍ ဧည့်ခံကြသည့် ဓလေ့ရှိကြသည်။ ထို့ကြောင့်လည်း စောစီးစွာပင် ဧည့်သည် ရှင်းသွားတတ်သည်။ နံနက် ၁၀ နာရီသာသာရောက်လျှင် အလှူဝင်သည့်နေ့က ရှင်လောင်းလှည့်သည့် အစီအစဉ်အတိုင်း မောင်ရှင်လောင်းနှင့် နားသမယ်တို့ကို ရွာဦးနတ်စင်သို့ နတ်ပြထွက်ကြရသည်။ နတ်ပြ၍ ပြန်လာပြီးနောက် နေ့လယ် ၁ နာရီဝန်းကျင်မှစ၍ ဘိသိက်ခန်းဝင်ကာ ရေစင်သွန်းလောင်းခြင်း အစီအစဉ် စတင်ပါသည်။ ဘိသိက်ဆရာကပြောလိုက်၊ ဟောလိုက်၊ မင်းသမီးက ဆိုလိုက်၊ ကလိုက်၊ ဆိုင်းအဖွဲ့က တီးလိုက်၊ မှုတ်လိုက် စသည်ဖြင့် ညနေ ၄ နာရီခန့်တွင် ဘိသိက်ခန်း ပြီးစီးသွားပါသည်။

ဘိသိက်ခန်းပြီးသွားပြီးနောက် ပင့်သံဃာဆရာတော်ကြီးများ ကြွရောက်တော်မူလာ၍ အလှူပွဲကြီး၏အဓိက ပရိတ်တရားနာ၊ ရေစက်ချပွဲကြီး စတင်ပါသည်။ သီလပေးခြင်း၊ အနုမောဒနာတရားချီးမြှင့်ခြင်းများနှင့်အတူ 'သာဓု' သံညံစီစွာ၊ ဗြောစည်တီးကာ အလှူကြီးအောင်မြင်စွာ ပြီးဆုံးသွားပါတော့သည်။

အချုပ်အားဖြင့်ဆိုရသော် ထိုဒေသ၏ကျေးရွာအလှူဆိုလျှင် ဤအတိုင်းသာ ဆောင်ရွက်ကြရသည်။ ပင့်သံဃာဆိုရာ၌ ရွာနီးချုပ်စပ်ကျေးရွာများရှိ ကျောင်းတိုက်တော်များမှ သံဃာကုန်ပင့်ရခြင်းကြောင့် ပင့်သံဃာအနည်းအများသာ ကွာကြသည်။ ငွေကြေးတတ်နိုင်သူများလှူလျှင် ကြီးကျယ်ခမ်းနားသည်မှလွဲ၍ မထူးခြားလှပေ။ မည်သည့်အလှူမဆို ကျွေးမွေးဧည့်ခံရာတွင် 'လှည်းနေ၊ လှေအောင်း၊ မြင်းဇောင်းပါမကျန်'၊ တစ်နည်းပြောရလျှင် 'လက်တွဲခေါ်ငင်၊ ခါးစောင်းတင်လျက်၊ ကလေးနို့စို့၊ ခွေးအို့အို့ ပါမကျန်' တစ်ရွာလုံး မီးနိုးတိတ် ဧည့်ခံကျွေးမွေးကြသည်။ ကျေးရွာ၏စိတ်ထားအလှ စာသရလျှင် မနာလို၊ ဝန်တိုမှုကင်းကာ ချစ်ခင်ရင်းနှီးစွာ စုပေါင်းညီညာ ကူညီကာ ဆောင်ရွက်တတ်ကြသည့် ကျေးရွာသူ၊ ကျေးရွာသားတို့၏ မြန်မာ့ရိုးရာ စိတ်ထားသည် လွန်စွာမှမွန်မြတ်လျက် နှစ်သက်စရာကောင်းလှပေသည်။ ထို့ကြောင့် ဤသို့စဉ်ဆက် ချစ်ခင်လျက်နှင့် လက်တွဲမပျက် မေတ္တာဖက်ကာ ယွင်းပျက်စေတနာ ကင်းရှင်းကွာ၍ အစဉ်ထာဝရမြန်မာ့ရိုးရာဓလေ့ ပျော်မွေ့နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါသည်။



## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**သရက် ဧပြီ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ခရိုင်အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်လှိုင်က လူမှုကွန်ရက်ပေါ်မှာ သတင်းတုများ၊ နိုင်ငံတော် အကြည်ညိုပျက်စေသည့် သတင်းများဖော်ပြလျှင် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့ကာ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ထို့နောက် သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် ခရိုင်စာရင်းစစ်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်၊ သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသူရ၊ သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဦးသက်အောင်၊ သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ (စုံစမ်းရေး) ဦးရဲထွန်းတို့က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**မော်လိုက် ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၆ရက် နံနက် ၁၁နာရီက ခရိုင်ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဝင်းက ကလေးအလုပ်သမား၏ အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှု၊ ပြစ်ဒဏ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဦးစီးဌာနမှ ပြသထားသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**






## အသိပညာပေးဆွေးနွေးပွဲ ကွင်းဆင်းဆောင်ရွက်

**မိုင်းပျဉ်း ဧပြီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ ယမ်းမိုင်ကျေးရွာအုပ်စု၊ ယမ်းမိုင်ကျေးရွာ၌ အသိပညာပေးဆွေးနွေးပွဲ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းခမ်းဆွေက ဆွေးနွေးပွဲဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းသန္တာဦးက အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ခံ ဆရာမ ဒေါ်နန်းမြအေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများအန္တရာယ်အကြောင်းနှင့် စိတ်ကျန်းမာရေးအကြောင်း ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဆွေးနွေးရာ ကျေးရွာပြည်သူတစ်ဦးဖြစ်သော နန်းခမ်းလူက ရှမ်းဘာသာဖြင့် ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုင်းနန္ဒက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀




## ပန်းကောက်ပွဲနေ့

* "မယ်ဥ"တောင်ပွဲတော်ရက်
နွဲပျော်မပျက်၊ နှစ်တိုင်းသာ
ရှေးအစဉ်မပျက်ပါ။

* လမ်းတစ်လျှောက်
ပန်းကောက်လို့ ဆုဆူညံ
"ညာသံ"တွေပေး
"အင်ကျယ်ရှာ"အပျိုဖြန်းတဲ့
ပျော်စွမ်းကွယ့်လေး။

* မြို့ကြီးက ကိုလူညာ
ပိတောက်ဝါ သူလာပေး
မလေးခမျှာ မောင်တွေ ဝန်းသမို့
ငြင်းမိရှာ တောင်ခြေအတက်မှာ
ပန်ဖို့ ခက်သေး။

* လှည်းလမ်းမ ဟိုဆီမှာ
ချီလာတဲ့ လှည်းယဉ်အလှ
"မင်းဂံ"ရွာ လူပျိုသားတို့
လှည်းပေါ်မှာ အပျော်ကြူးသမို့
မြူးလို့သာ... "က"။

* "အင်ကျယ်ရှာ"ပျိုတစ်သိုက်
ဟားတိုက်လို့ ရယ်ရွှင်ပျော်
အဝေးကပင် ရှောင်
မချစ်ပေါင်
ငွတ်ရှောင်ကာ ပျိုမငြင်း
နေပါစေ နောင်ခါရှင်းအောင်
လောင်းခဲ့ ကန်တော့ဆွမ်း ။ ။

* ညနေခင်း "မင်းဂံ"ပြန်
ဒိုးပတ်သံ ညံပါပေ့
"သကြံန်ကြို တောင်တော်ပွဲ"မှာ
ဒီဖေကိုယ် အပျော်ကဲခဲ့တယ်
"အင်ကျယ်သူ"အပျိုနဲ့ လွဲပေမယ့်
စွဲခဲ့ပြီလေ .... ။ ။

မြတ်လင်းသူ

("မမဥ တောင်၊ သကြံန်အကြိုနေ့ ပန်းကောက်ပွဲ"သို့)






# နိုင်ငံတကာ အားကစား သတင်းများ



## အာဆင်နယ်အသင်းက စပို့တင်းလစ္စဘွန်းအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဧပြီ ၈**

ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အာဆင်နယ်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက စပို့တင်းလစ္စဘွန်းအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန်(၉၀+၁) မိနစ်တွင် ကိုင်ဟာဗက်ဇ်က သွင်းယူပေးခဲ့သည်။

အာဆင်နယ်အသင်းသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် ဧပြီ ၁၆ရက်တွင် စပို့တင်းလစ္စဘွန်းအသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ရိုမဲရိုး၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၅၀ အဖြစ် စပါးအသင်း သတ်မှတ်

**လန်ဒန် ဧပြီ ၈**

စပါးအသင်းသည် အသင်းနောက်ခံကစားသမား ရိုမဲရိုး၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၅၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အတ္တလန်တာအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ (ယာပုံ)

နောက်ခံကစားသမား ရိုမဲရိုးသည် စပါးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၅ ပွဲကစားပြီး ၁၃ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

စပါးအသင်းကလည်း ရိုမဲရိုးအတွက် ၄င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အတ္တလန်တာအသင်းတို့အနေဖြင့် စပါးအသင်းမှသတ်မှတ်ထားသည့် ပြောင်းရွှေ့ဈေးအတိုင်း ရိုမဲရိုးအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)






## 2026 Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲ ဧပြီ ၁၃ ရက်တွင် စတင်မည်

**ဘာစီလိုနာ ဧပြီ ၈**

စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲ လာမည့် ဧပြီ ၁၃ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲကို ဧပြီ ၁၃ ရက်မှ ၂၀ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Barcelona Open Banc Sabadell တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဒိန်းမတ်တင်းနစ်ကစားသမား Holger Rune ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## လူးကပ်စ်ဟိုလာ ပေါင်ခြံဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**မြူးနစ် ဧပြီ ၈**

ဖရိုင်းဘတ်အသင်းတိုက်စစ်မှူး လူးကပ်စ်ဟိုလာသည် ပေါင်ခြံဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဖရိုင်းဘတ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (အပေါ်ယာပုံ)




တိုက်စစ်မှူး လူးကပ်စ်ဟိုလာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဖရိုင်းဘတ်အသင်းအတွက် ကြီးမားသည့်ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး လူးကပ်စ်ဟိုလာသည် ဖရိုင်းဘတ်အသင်းနှင့် အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၉ ပွဲကစားကာ ၄၇ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (NGB)

## ဘာနာဒိုဆေးလ်ဗားကို ခေါ်ယူရန် ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ အပြိုင်စိတ်ဝင်စား




**လန်ဒန် ဧပြီ ၈**

ဥရောပကလပ်အသင်းများဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ထွက်ခွာမည်ဖြစ်သော ဝါရင့်ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅၀ ပွဲကစားပြီး ၇၆ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားကလည်း ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့အနေဖြင့် ဘာနာဒိုဆေးလ်ဗားအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)(NGB)

## မက်ဂွိုင်းယား မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို


**လန်ဒန် ဧပြီ ၈**

မန်ယူအသင်းသည် အသင်းနောက်ခံကစားသမား မက်ဂွိုင်းယားကို ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၆ ပွဲကစားကာ ၁၇ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ မက်ဂွိုင်းယားက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ကျွန်တော်အပါအဝင် ကျွန်တော့်မိသားစုကလည်း ဒီမှာပျော်ရွှင်နေပါတယ်။ မန်ယူအသင်းက ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါပဲ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

(အောက်ပုံ)(NGB)



## အာရွန်ရမ်ဆေး ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် ဧပြီ ၈**

ဝေးလ်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးသည် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (အောက်ယာပုံ)

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် အာဆင်နယ်၊ ကာဒစ်ဖ်၊ နော်တင်ဟမ်ဖောရက်စ်၊ ဂျူဗင်တပ်၊ ရိန်းဂျားစ်၊ နိစ်၊ UNAM စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများရယူနိုင်ခဲ့သလို နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဝေးလ်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၀၈ မှ ၂၀၂၄ ခုနှစ်အထိ ပြိုင်ပွဲ ၈၆ ပွဲကစားကာ ၂၁ ဂိုးသွင်းယူထားသည်။

အသက်(၃၅)နှစ်အရွယ်ရှိ အာရွန်ရမ်ဆေးက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (NGB)




**ဘောလုံး သတင်း အတို အထွာများ**

* လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့သည် မိုနာကိုအသင်း တောင်ပံကစားသမား မက်ဂနက်စ်အက်ကလီယူချီကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အက်စတွန်ဗီလာအသင်းတိုက်စစ်မှူး အိုလီဝပ်ကင်းစ်သည် လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည် ဖြစ်သည်။ (NGB)

### ကွန်းဖရန့်လိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်(ပ-အကျော့ ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၄-၂၀၂၆ ကြာသပတေးနေ့ | ည ၁၁:၁၅ နာရီ | ဝယ်လက်ကာနို(စပိန်-၁၃) - AEK အေသင်(ဂရိ-၁) |
| ၁၀-၄-၂၀၂၆ သောကြာနေ့ | နံနက် ၀၁:၃၀ နာရီ | ခရစ္စတယ်ပဲလေ့စ်(အင်္ဂလန်-၁၄) - ဖီအိုရင်တီးနား(အီတလီ-၁၅) |
| ။ | ။ | မိန့်ဇ်(ဂျာမနီ-၉) - စထရာဘော့စ်(ပြင်သစ်-၈) |
| ။ | ။ | ရှက်တာဒိုးနက်စ်(ယူကရိန်း-၂) - AZ အယ်လ်ခမာ(နယ်သာလန်-၆) |

### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်(ပ-အကျော့ ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၄-၂၀၂၆ သောကြာနေ့ | နံနက် ၀၁:၃၀ နာရီ | ဘိုလော့ဂ်နာ(အီတလီ-၈) - အက်စတွန်ဗီလာ(အင်္ဂလန်-၄) |
| ။ | ။ | ပေါ်တို(ပေါ်တူဂီ-၁) - နော်တင်ဟမ်(အင်္ဂလန်-၁၆) |
| ။ | ။ | ဖရိုင်းဘတ်(ဂျာမနီ-၈) - ဆဲလ်တာဗီဂို(စပိန်-၆) |

# မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့နှင့် ဘိုးဘွားစောင့်ရှောက်ရေး

**နိဒါန်း**

မြန်မာတို့သည် ယဉ်ကျေးသိမ်မွေ့သော ဓလေ့ထုံးတမ်းများကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော လူမျိုးများဖြစ်ကြသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် 'ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား' ဟူသော အဆုံးအမသည် မြန်မာ့ယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ဘိုးဘွားမိဘများနှင့် ဆရာသမားများကို ရိုသေလေးစားစွာ ဂါရဝပြုခြင်း(ကန်တော့ခြင်း)သည် မြန်မာတို့၏ ထူးခြားလှပသော ဓလေ့ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာအရ သက်ကြီးပုဂ္ဂိုလ်များကို နှစ်ဦးဂါရဝပြုခြင်းအကြောင်းနှင့် ဘိုးဘွားစောင့်ရှောက်ရေးအကြောင်းကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

**ဂါရဝပြုခြင်း(ကန်တော့ခြင်း)၏အဓိပ္ပာယ်နှင့် နောက်ခံသမိုင်းကြောင်း**

'ကန်တော့ခြင်း' သည် မိမိထက် အသက်အရွယ်ဂုဏ်သိက္ခာ သီလကြီးမြတ်သူများကို ရိုသေလေးမြတ်စွာ ရှိခိုးပူဇော်ခြင်းကို ခေါ်ဆိုပါသည်။ ကန်တော့ရာတွင် လက်အုပ်ချီမိုး၍ ဦးခေါင်းကို ကြမ်းပြင်နှင့်ထိကာ ရိုသေစွာ ရှိခိုးလေ့ရှိကြသည်။ ဤဓလေ့သည် ဘာသာရေးဆိုင်ရာ အဆုံးအမများမှ ဆင်းသက်လာခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၏ မင်္ဂလသုတ်တွင် 'ပူဇာစ ပူဇနေယျာနံ' ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာတစ်ပါးဖြစ်ကြောင်း ဟောကြားထားပါသည်။ ထို့အပြင် ဂါရဝတရား(၁၀)ပါးတွင်လည်း ဘုရား၊ တရား၊ သံဃာကို လေးစားခြင်းသာမက အချင်းချင်း ရိုသေလေးစားခြင်းတို့အပြင် သီလ၊ သမာဓိ၊ ပညာနှင့် မမေ့မလျော့ သတိရှိမှုနှင့် ဆက်စပ်သော အသက်အရွယ်ကြီးသူများနှင့် ဆရာသမားများကို ရိုသေလေးစားခြင်းတို့ ပါဝင်ပါသည်။ မြန်မာတို့၏ နေ့စဉ်ဘဝတွင် နက်ရှိုင်းစွာ ကိန်းဝပ်နေပြီး သက်ကြီးရွယ်အိုဂါရဝပြုခြင်း ဓလေ့ကို ခိုင်မာစေပါသည်။

**နှစ်ဦးဂါရဝပြုခြင်း အခါသမယများ(နှစ်ဆန်းတစ်ရက်နေ့)**

မြန်မာတို့သည် အချိန်အခါမရွေး သက်ကြီးရွယ်အိုများကို ရိုသေလေးစားမှုပြုလေ့ရှိသော်လည်း အထူးသဖြင့် ထင်ရှားသော ပွဲတော်ကာလနှစ်ခုတွင် အစုအဖွဲ့အလိုက် (သို့မဟုတ်)မိသားစုအလိုက် တခမ်းတနား ဂါရဝပြုလေ့ရှိကြသည်။ ယင်းတို့မှာ မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလနှင့် သီတင်းကျွတ်ကာလတို့ဖြစ်ကြသည်။ သင်္ကြန်ပွဲတော်သည် မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ဖြစ်သည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ပြီး နှစ်သစ်ကို ကုသိုလ်ကောင်းမှုများဖြင့် စတင်လေ့ရှိကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးရွယ်အိုများ၊ ဘိုးဘွားမိဘများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်း၊ လက်သည်းညှပ်ပေးခြင်း စသော ဝေယျာဝစ္စများကို ပြုလုပ်ပေးကြသည်။ ထို့နောက် ကန်တော့ပွဲများ ပြင်ဆင်ကာ ရိုသေစွာကန်တော့ကြပြီး နှစ်ဟောင်းမှ ပြစ်မှားမိခဲ့သော အပြစ်များရှိပါကာ ခွင့်လွှတ်ပေးရန် တောင်းပန်ကြသည်။ သက်ကြီးရွယ်အိုများကလည်း သားမြေးများအား ဆုမွန်ကောင်းများ တောင်းပေးလေ့ရှိကြသည်။

စာရေးသူ၏ ညီတော်စပ်သူ မိသားစုသည် ရန်ကုန်မြို့မှ ဇာတိမြေ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ရုံးတောကျေးရွာရှိ (၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများကို နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း သက်ကြီးဘိုးဘွားကန်တော့ပွဲပြုလုပ်ခဲ့သည်မှာ (၁၄)ကြိမ်တိုင်ခဲ့ပြီးဖြစ်ပါသည်။ အခြားသော အလှူရှင်များကလည်း ပူးပေါင်းပါဝင်လာကြသည်ကို တွေ့ရပါသည်။ ထို့နည်းတူစွာ အနယ်နယ်အရပ်ရပ်တွင် နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း သက်ကြီးဘိုးဘွားကန်တော့ပွဲများကို ပြုလုပ်ကြမြဲဖြစ်ပါသည်။

**သီတင်းကျွတ်ကာလ**

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရားရှင် တာဝတိံသာ နတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်သက်ဆင်းတော်မူသော နေ့ထူးနေ့မြတ်ဖြစ်သည်။ ဤကာလတွင် မြန်မာတို့သည် ဘုရားကျောင်းကန်များသို့ သွားရောက်၍ ကုသိုလ်ကောင်းမှုများပြုလုပ်ကြသည့်အပြင် မိဘ၊ ဘိုးဘွား၊ ဆရာသမားများနှင့် မိမိထက်အသက်အရွယ်ကြီးရင့်သူများကို သွားရောက်ကန်တော့ကြသည်။ လူငယ်များသည် ကန်တော့ခံပုဂ္ဂိုလ်များအတွက် အဝတ်အထည်၊ အစားအသောက်၊ သစ်သီးဝလံနှင့် ဆေးဝါး စသည့်လှူဖွယ်ပစ္စည်းများကို ယူဆောင်သွားလေ့ရှိကြသည်။ ကန်တော့ခံပုဂ္ဂိုလ်များကလည်း ကန်တော့သူများကို မေတ္တာရှေ့ထား၍ ဆုပေးခြင်း၊ မုန့်ဖိုးပေးခြင်းများ ပြုလုပ်ကြသည်။

**ဂါရဝပြုခြင်း၏ အကျိုးကျေးဇူးများနှင့် လူမှုရေးတန်ဖိုး**

သက်ကြီးပုဂ္ဂိုလ်များကို ဂါရဝပြုခြင်းသည် တစ်ဦးချင်းအတွက်သာမက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်ပါ များစွာသော အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေပါသည်။ သက်ကြီးရွယ်အိုများသည် မိမိတို့ကို တန်ဖိုးထား ဂါရဝပြုသည်ကို ခံရသောအခါ စိတ်ပိုင်းဆိုင်ရာ နွေးထွေးမှုနှင့် ကြည်နူးမှုရရှိကြပေမည်။ အထီးကျန်မှုများကို ပြေပျောက်စေပါသည်။ စိတ်ပိုင်းဆိုင်ရာ ချမ်းမြေ့မှုအကျိုးကျေးဇူးကို ရရှိစေပါသည်။ သက်ကြီးရွယ်အိုများသည် ဘဝအတွေ့အကြုံရင့်ကျက်သူများဖြစ်ရာ ကန်တော့ပွဲများမှတစ်ဆင့် လူငယ်များအား ကောင်းမွန်သော ဆုံးမသြဝါဒများနှင့် ဘဝသင်ခန်းစာများကို လက်ဆင့်ကမ်းပေးဝေနိုင်ကြပါသည်။ ၎င်းသည်ပင် အသိပညာဖလှယ်ခြင်းကို ဖြစ်စေပါသည်။ ကန်တော့ခြင်း ဓလေ့သည် မိသားစုဝင်များအကြား အပြန်အလှန် မေတ္တာထားမှုနှင့် နားလည်မှုတို့ကို တိုးပွားစေပြီး မိသားစုသံယောဇဉ်ကို ပိုမိုခိုင်မာစေပါသည်။ ယခုကဲ့သို့သော ဓလေ့မျိုးကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းခြင်းဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အဆုံးအမများကို မပျောက်မပျက်အောင် ထိန်းသိမ်းရာရောက်ပါသည်။

**ဘိုးဘွားများစောင့်ရှောက်ရေး**

သက်ကြီးရွယ်အိုတို့ကို အလုပ်အကျွေးပြုစုခြင်းသည် ရှေးရိုးမြန်မာ့အစဉ်အလာဖြစ်သည်။ သက်ကြီးရွယ်အိုတို့ကို လုပ်ကျွေးပြုစုသင့်ကြောင်းကို နေမျိုးမင်းကျော်ဇေယျသူ သံတော်ဆင့်မင်း ဦးကျော်အေး၏ 'မင်္ဂလပျို့ဦ' သက်ရွယ်ကြီးမား၊ လွန်ခေါင်းပါး၍၊ မစားရတတ်၊ စူဖာဝတ်လျှင်၊ ငတ်မွတ်ကုန်ပြီး၊ ဆင်းရဲကြီးသည်၊ အထီးကျန်ထ၊ ဒုက္ခိတနှင့်၊ ဆွံ့အနားပင်း၊ အနာညှင်း၍၊ လူချင်းမမီ၊ ကြုံလှီကျိုးကန်း၊ နာမကျန်းသူ၊ ဟူဟူသမျှ၊ ဘေသဇ္ဇဖြင့်၊ မ,စကျွေးမွေး၊ လှူရေးပြုစု၊ ထိုကောင်းမှုဖြင့်၊ ရှေးရှုသင့်ရာ' ဟူ၍ စပ်ဆိုခဲ့သည်။

အင်းဝခေတ် သာလွန်မင်း(သက္ကရာဇ် ၉၉၉)လက်ထက်ကလည်း သက်ကြီးရွယ်အိုဘိုးဘွားများ ကျွေးမွေးပြုစုခြင်းကို မင်းကုသိုလ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ သက္ကရာဇ်(၁၁၁၅)က အလောင်းမင်းတရားကြီးသည် (၁၄)ကြိမ်မြောက် အောင်ပွဲရပြီးနောက် 'အသက် ၆၀ ရှိသော လူကြီးတို့ကိုလည်း မင်းတိုင်မင်းမှုမရှိစေရေးကို ကိုယ်စားတော်စေတီပုထိုး ဇောမိရေသဘင်တော်များမှာ သင်ပုတ်ရေချမ်း ညောင်ရေသွန်းရမည်။ တစ်နေ့မပြတ် ကျောင်းဘုရားသွားရမည်။ အခါခါဝါတွင်းဝါပ ဥပုသ်ပဥ္စသီလဆောက်တည်ရမည်။ ရွှေကောက်ခန့်ထားတော်မူသည့် ကျောင်းဘုရားသွား လူကြီး ၅၀၀ ကျော်ရသည်ကိုလည်း အဝတ်ပုဆိုး၊ စပါး၊ ကြေးငွေသုံးလောက်အောင် ကျွေးမွေးပြုစုတော်မူ၏'ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်၌ ရေးသားမှတ်တမ်းတင်ထားသည်။ အသက် ၆၀ ပြည့်သော မင်းမှုထမ်းများကို သက်ပြည့်ပင်စင်ခံစားခွင့်ပြုသည့် အစဉ်အလာသည် ထိုခေတ်ကာလက စတင်နေပြီဟု ဆိုရပေမည်။

ကုန်းဘောင်ခေတ် ဘိုးတော်(ဗဒုံမင်း)လက်ထက်တော်အခါက ဘိုးဘွားများ ကယ်ဆယ်စောင့်ရှောက်ပုံကို သာမိနပျို့တွင် လက်ဝဲသုန္ဒရအမတ်ကြီးက 'အိုမင်းနှိပ်နယ်၊ သက်ရွယ်မှည့်ရွှမ်း၊ နွမ်းနွမ်းညှိုးညှိုး၊ ဆိုးဆိုးရွားရွား၊ အင်အားညံ့ညံ့၊ မခံ့မဖီ၊ လီလီလဲ့လဲ့၊ မျက်နှာမဲ့၍၊ ဆင်းရဲအတိ၊ ကြမ္မာမိသား၊ မချိသသူ၊ နှလုံးပူတို့၊ ရွှေးသူမလစ်၊ ဆေးကြောစစ်မှ၊ ရေနစ်သူအား၊ ကြည့်ရှုစားလျက်၊ မျောပါးမြစ်ဝယ်၊ သိမ်းပိုက်ဆယ်သို့'ဟူ၍ ရေးဖွဲ့ခဲ့သည်။

ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းလက်ထက်တွင်လည်း လူအိုလူမင်းများကို ဥပုသ်တော်အဖွဲ့များ ဖွဲ့စည်းပေးကာ ရပ်ကွက်အလိုက် ခမ္မာရုံများတွင် ဝတ်တက်၊ ဝတ်ကပ်ပြုစေခဲ့သည်။ သက္ကရာဇ် ၁၂၂၆ တွင် သူအိုသူနာတို့ မှီတင်းရန် 'ရတနာပုံရွှေမြို့တော်အတွင်း လေးမျက်နှာသင့်ရာအရပ်တွင် ဝင်းအိမ်များ ဆောက်လုပ်စေသည်။ အရာရှိ၊ အဆောင်မြဲ၊ အကြီးအကြပ်နှင့် ဆန်၊ ဆား၊ ငါး၊ ငါးပိ၊ အမဲဟင်းလျာ၊ အဝတ်အစား၊ အသုံးအဆောင်များ လုံလောက်အောင် ထောက်ပံ့ကျွေးမွေးစေသည်။ သူနာတို့၏ တိုက်များတွင်လည်း သမားတော်သုံးယောက်စီ ခန့်ထားကုသပေးသည်။ နန်းတော်ဆောင်သူနာတိုက်အိမ်တွင် ကုလားဆေးသမား မာဘိအားတာဝန်ပေးကာ သူအိုတို့ကို ကုသစေသည်'ဟု နန်းတော်ဆက် မဟာရာဇဝင်၌ ဖော်ပြထားသည်။

ကိုလိုနီခေတ်၊ ခေတ်ဦးပိုင်း ၁၈၉၀ ပြည့်နှစ်တွင် ပါရီမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ပြင်သစ်ဖရင်ဂျီဂိုဏ်းထောက်ဘုန်းတော်ကြီး ဘီဂန်းဒက်က ရန်ကုန်မြို့ စတော့ကိတ်လမ်း၊ အမှတ်(၂၁၃)တွင် လူအိုရုံတစ်ခုကို တည်ထောင်သည်မှ အစပြု၍ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာစနစ်ကို စတင်ခဲ့သည်။ နိုင်ငံတော်အစိုးရထောက်ပံ့ကြေး၊ ကောက်ပဲသီးနှံရုံးနှင့် ရန်ကုန်မြင်းပွဲအသင်းမှ ထောက်ပံ့ကြေးနှင့် အလှူငွေများဖြင့် ရပ်တည်ခဲ့သည်။

နောင်သော် မန္တလေး ပတ္တမြားအုတ်ကျောင်း ကျောင်းအမကြီး ဒေါ်ဦးဖွန်းမှ အစပြု၍ ဘိုးဘွားရိပ်သာများ ပေါ်ပေါက်လာခဲ့သည်။

ယနေ့ခေတ် နိုင်ငံတော်အစိုးရအနေဖြင့်လည်း သက်ကြီးရွယ်အိုများသည် လူ့အဖွဲ့အစည်း၏ အဖိုးတန်အရင်းအမြစ်များဖြစ်ပြီး ၎င်းတို့၏ အတွေ့အကြုံ၊ ဉာဏ်ပညာနှင့်ဘဝတစ်လျှောက်လုံး ပေးဆပ်ခဲ့မှုများကို အသိအမှတ်ပြုပြသခဲ့ပါသည်။ သို့ဖြစ်၍လည်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို လူမှုဝန်ထမ်းဦးစီးဌာနက ဗဟိုချက် Focal Point ယူလျက် ဆောင်ရွက်လျက်ရှိပါသည်။

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားရှိသော ဘိုးဘွားရိပ်သာများကို ထောက်ပံ့မှုပေးခြင်း၊ နည်းပညာဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတကာမှ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းနည်းစနစ်များကို လေ့လာဆန်းစစ်လျက် 'သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းခြေလှမ်းသစ်များ'ကို စတင်လုပ်ဆောင်လျက်ရှိပါသည်။ နှစ်စဉ်အောက်တိုဘာ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Porsons) ရောက်တိုင်း နိုင်ငံတော်အဆင့် အခမ်းအနားကျင်းပခြင်းသာမက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အသက် ၁၀၀ ကျော် ဘိုးဘွားများကို အာဟာရစားသောက်ဖွယ်ရာများ၊ တိုင်းရင်းဆေးဝါးများနှင့် အလှူငွေများဖြင့် ကန်တော့ခြင်းများ ကျင်းပပြုလုပ်ခဲ့ပါသည်။ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်း အဆိုပါအခမ်းအနားကို အသီးသီးကျင်းပခဲ့ကြပါသည်။

စာရေးသူ မန္တလေးတိုင်းလူမှုဝန်ထမ်းရုံးတွင် တာဝန်ကျစဉ်က မန္တလေးမြို့တော်ခန်းမကြီး၌ 'အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့' အခမ်းအနားကျင်းပစဉ် ဘိုးဘွားများအား ဂါရဝပြုလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်တာဝန်ယူခဲ့ရခြင်းတို့ကို ပြန်လည်သတိရနေပါသည်။ ထို့နည်းအတူ သင်္ကြန်ကာလ နှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးနန်းတွင်း အားကစားရုံးကြီး၌ ကန်တော့ခံ ဘိုးဘွားများအား ဂါရဝပြုကန်တော့ခြင်းအခမ်းအနားတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**နိဂုံး**

သို့ဖြစ်ပါ၍ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအရ သက်ကြီးပုဂ္ဂိုလ်များကို နှစ်ဦးဂါရဝပြုခြင်းသည် ရိုးရှင်းသော အပြုအမူတစ်ခုမျှသာမဟုတ်ဘဲ နက်ရှိုင်းသော မေတ္တာတရား၊ ကျေးဇူးသိတတ်မှုနှင့် ခွင့်လွှတ်ခြင်းတို့ကို ဖော်ညွှန်းနေသော မြင့်မြတ်သည့် အလေ့အထတစ်ခုဖြစ်ပါသည်။ ခေတ်စနစ်များ မည်သို့ပင်ပြောင်းလဲတိုးတက်လာစေကာမူ ဤကဲ့သို့သော ယဉ်ကျေးမှုဓလေ့ကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုနှင့် သဟဇာတဖြစ်မှုကို အစဉ်အမြဲရရှိနေမည်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများကို ရိုသေလေးစားခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အမှတ်လက္ခဏာတစ်ခုအဖြစ် အစဉ်အမြဲ တည်တံ့နေမည်ဖြစ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သက်ကြီးရွယ်အိုများ၏ဘဝကို ပိုမိုကောင်းမွန်စေရန်အတွက် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုများဖြင့် သက်ကြီးရွယ်အိုတို့၏ ဘဝကို စိုပြည်စေဖို့ ဝိုင်းဝန်းဆောင်ရွက်ကြရန် နှိုးဆော်လျက် နိဂုံးချုပ်အပ်ပါသည်။

**ကိုးကား—**

- ကြီးသူကိုပြုစုစောင့်ရှောက်သည့် မြတ်နိုးဖွယ်ဓလေ့။
- လူမှုဝန်ထမ်းဦးစီးဌာန၏ နှစ်(၇၀)ပြည့်သမိုင်းမှတ်တမ်း။

**အောင်စိုး(လူမှုဝန်ထမ်း)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ဈေးချိုရပ်၊ ကွင်းအမှတ်(၆၀၂)အတွင်းရှိ (၂၂ ပေ × ၅၁ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ် အဆောက်အအုံ အပါအဝင် ရေ၊ မီးမီတာ ဆက်လက်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဖြစ်သည့် ဒေါ်ဝင့်ဝင့်ပိုင်(ဘ)ဦးတင်မောင်ဝင်း(၉/ခမစ(နိုင်)၀၁၇၀၀၅) အနေဖြင့် အထက်ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးတန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲသူရ(LL.B) တရားလွှတ်တော်ရှေ့နေ**
**ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၁၆၆၀၅၆၀၊ ၀၉-၉၆၉၁၇၈၆၇၉**

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၄)၊ ဦးပိုင်အမှတ်(၅၂)၊ မြေကွက်ပေါ်တွင် ဒေါ်ချောစုခိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၀၀၆၀၁)က RC(၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်း/တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၆၇)၊ ဦးပိုင်အမှတ်(၂၃၇+၂၄၀)၊ မြေကွက်ပေါ်တွင် ဒေါ်အာရှာ(ပါ-၅) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၈၃၉၇၃)က RC(၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၃၈-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းခမ်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၄၁၃၂၅)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၇၉)၊ ဦးပိုင်အမှတ်(၁-ခဲစင်း)၊ မြေကွက်ပေါ်တွင် ဦးဇော်လင်းအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/ပခက(နိုင်)၁၄၇၁၅၄)က RC(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(အ-၇)၊ဦးပိုင်အမှတ်(၂၁)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းဖြူဖြူဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၄၇၀၃၀)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၉၅)၊ မြေကွက်ပေါ်တွင် ဦးအေးမင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၀၅၉၈၂၂)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့် (ပုံစံ-၇) ရရှိခဲ့သူများသိရှိနိုင်ရန် ကြေညာချက်

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development Ltd., တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ရေကြီးရေလျှံမှုလျှော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့် သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁ ဧက)လျှင် ကျပ်သိန်း (၁၅၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်း နည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါ နည်းလမ်းများနှင့် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီး ဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ အနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင်ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း၊ ဆောင်ရွက်ရန်ကျန်ရှိနေသူများအား မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး(သို့မဟုတ်) စီမံကိန်း မြို့မြေကွက်များ လာရောက်ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီက(၁၅.၉.၂၀၂၃)ရက်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈.၁.၂၀၂၄)ရက်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ (၁၁.၁၁.၂၀၂၄)ရက်တွင် တတိယအကြိမ်အဖြစ်လည်းကောင်း၊ (၁၆.၃.၂၀၂၅)ရက်တွင် စတုတ္ထအကြိမ်အဖြစ်လည်းကောင်း၊ သတင်းစာများတွင် ကြေညာပေးခြင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီမှ ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့် မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ မြေယာများ လာရောက်ရောင်းချရန် ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန် ကျန်ရှိသူများအား (၁၁.၄.၂၀၂၄)ရက်မှ (၁၃.၇.၂၀၂၄)ရက်အတွင်း(ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ) (၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီး ဖြစ်ပါသည်။

၅။ ယခုအခါ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး သတ်မှတ်တန်ဖိုးငွေ လာရောက်ထုတ်ယူရန် (သို့မဟုတ်) မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန် ကျန်ရှိနေသည့် ကွင်းအမှတ်[၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁(ရွှေကြက်ယက်)]အတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသည့် စုစုပေါင်းဧရိယာ(၄၈၅.၅၀)ဧက၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ရုပ်သိမ်းခဲ့ပြီးဖြစ်သည့်အတွက် ပိုင်ဆိုင်မှုအထောက်အထားရှိသူများအနေနှင့် မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့် စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းအထောက်အကူပြုကော်မတီ ယခုကြေညာသည့်ရက်မှ ရက်ပေါင်း(၉၀)အတွင်း (၆.၇.၂၀၂၆ ရက် နောက်ဆုံးထား၍) သတ်မှတ်နှုန်းထား ငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှ ပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ**

**ဆက်သွယ်ရန်**

- **ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
  **ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)**
- **အတွင်းရေးမှူး၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ**
  **ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)**
- **အဖွဲ့ဝင်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ**
  **ဖုန်းနံပါတ် (၀၉-၉၆၉၉၈၈၀၁၁၊ ၀၉-၉၆၉၉၈၈၈၉၇)**

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၄၂)၊ မြေကွက်ပေါ်တွင် ဦးခွန်ဇော်ဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ဖခန(နိုင်)၀၀၂၃၁၂)က RC(၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၆)၊ ဦးပိုင်အမှတ်(၃၅)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းမွေဖောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကဟန(နိုင်)၀၃၈၀၄၉)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ ဦးပိုင်အမှတ်(၅၂-က)၊ မြေကွက်ပေါ်တွင် ဒေါ်မျိုးမျိုးနှင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/မလန(နိုင်)၀၂၈၃၀၃)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရွှေသီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်
ထိန်းကြစို့။

## မန္တလေးနေ့စဉ်သတင်းစာ ထုတ်ဝေမှု (၈)ရက် ခေတ္တရပ်နားမည်

**မန္တလေး ဧပြီ ၈**

မန္တလေးနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၂ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၁၉ ရက် (တနင်္ဂနွေနေ့)အထိ (၈)ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက် (တနင်္လာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။



## ဘားအံမြို့ နန်းဖော့အွာသဲသောင်ပြင်သင်္ကြန်ဖွင့်လှစ်

**ဘားအံ ဧပြီ ၈**

သံလွင်မြစ်ရေကျချိန်တွင် ပေါ်ထွန်းလာသော ဖြူလွလွသဲသောင်ပြင်ကြီးပေါ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နန်းဖော့အွာသဲသောင်ပြင်သင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၇ ရက် ညနေ ၄ နာရီက ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းညဈေးအနီးတွင် ကျင်းပသည်။

စာမျက်နှာ ၇ သို့ ❖

# တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသား ၅၇ ဦး ထပ်မံဖမ်းဆီးရမိ




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးရမိသည့် နေရာပြပုံ။

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသား ၁၂၆ ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့်သတင်းအား ထုတ်ပြန်ပြီးဖြစ်သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့နံနက် ၇ နာရီ မိနစ် ၄၀ ခန့်တွင် အဆိုပါ ပန်ကူကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၂၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီး နှစ်ဦးနှင့် လာအိုနိုင်ငံသူ အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၀ တို့ကိုလည်းကောင်း၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၇၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်

စာမျက်နှာ ၇ သို့ ■

## ၂၀၂၆-၂၀၂၇ ရာသီသစ်အတွက် မြန်မာနေရှင်နယ်လိဂ်နှင့် မြန်မာအမျိုးသမီးလိဂ် အစည်းအဝေးကျင်းပ

**ရန်ကုန် ဧပြီ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီသစ်အတွက် မြန်မာနေရှင်နယ်လိဂ် Coordination Meeting 2026 ကို ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ မြန်မာနေရှင်နယ်လိဂ် ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ MFF အလုပ်အမှုဆောင် အဖွဲ့ဝင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် မြန်မာနေရှင်နယ်လိဂ် CEO ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုးမိုးကျော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် မြန်မာနေရှင်နယ်လိဂ် COO ဦးစည်သူ ဝင်း၊ မြန်မာအမျိုးသမီးလိဂ် COO ဦးမိုးဝေအောင်နှင့် မြန်မာနေရှင် နယ်လိဂ်-၁၊ မြန်မာနေရှင်နယ်လိဂ်-၂နှင့် မြန်မာအမျိုးသမီးလိဂ်မှ အသင်းဥက္ကဋ္ဌများ၊ ကလပ်အသင်းအသီးသီးမှ အမှုဆောင်အရာရှိချုပ်နှင့် အထွေထွေမန်နေဂျာများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်မှ သက်ဆိုင်ရာဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး တစ်ဆက်တည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ မြန်မာနေရှင်နယ်လိဂ်ကော်မတီဒုတိယဥက္ကဋ္ဌ(၁)နှင့် မြန်မာနေရှင်နယ်လိဂ် CEO ဦးကိုကိုသိန်းက ၂၀၂၆-၂၀၂၇ ဘောလုံးရာသီသစ်အတွက် ပြိုင်ပွဲများ ကျင်းပသွားမည့် အစီအစဉ်များ၊ တန်းဆင်း၊ တန်းတက်ကိစ္စရပ်များ၊ ဒဂုံပေါ့အက်ဖ်စီ(လိဂ်-၁)နှင့် ကချင်ယူနိုက်တက်(လိဂ်-၂)အသင်းတို့ နုတ်ထွက်ခွင့်တင်ပြလာသည့် အခြေအနေများ၊ League Cup ပြိုင်ပွဲအစား နိုင်ငံတကာပြိုင်ပွဲများ၏ ပြက္ခဒိန်နှင့်အညီ ရှုံး၊ ထွက်ပြိုင်ပွဲ

စာမျက်နှာ ၇ သို့ ✡

